MOEA

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန

တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာတူရိယာပစ္စည်းများ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အမှာစာ	
၁။	ကရင်ရိုးရာတူရိယာများ	၁-၂၁
၂။	ထားဝယ်ရိုးရာတူရိယာများ	၂၂-၂၃
၃။	မွန်ရိုးရာတူရိယာများ	၂၄-၂၇
၄။	ရခိုင်ရိုးရာတူရိယာများ	၂၈-၄၀
၅။	ပအိုဝ်းရိုးရာတူရိယာများ	၄၁-၄၅
၆။	တိုင်းလျမ်(သျှမ်းနီ)ရိုးရာတူရိယာများ	၄၆-၄၉
၇။	ရှမ်းရိုးရာတူရိယာများ	၅၀-၅၅
၈။	တိုင်းရင်းသားတို့၏ တိမ်မြုပ်သွားသည့် ရိုးရာတူရိယာများနှင့် ပျောက်ကွယ်လုနီးပါး ရိုးရာတူရိယာများ	၅၆
	၈။ (၁)တိုင်းရင်းသားတို့၏ တိမ်မြုပ်သွားသည့် ရိုးရာတူရိယာများ	၅၆-၅၈
	၈။ (၂)တိုင်းရင်းသားတို့၏ ပျောက်ကွယ်လုနီးပါး ရိုးရာတူရိယာများ	၅၉-၆၄
	ကျမ်းကိုးစာရင်းများ	၆၅-၆၆

အမှာစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများစွာဖြင့် ပေါင်းစုဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၂) ပုဒ်မခွဲ(က)ပါ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟူသည့် ပြဋ္ဌာန်းချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ရည်ရွယ်ချက် ပုဒ်မ(၃) ပုဒ်မခွဲ(ဂ)နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ရှာဖွေဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရှေးယခင်ကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူ ပူအမျှ အတူတကွ မှီတင်းနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်များအား ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်သည့် လူမှုအသိုက်အဝန်းတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနအနေဖြင့် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပါ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ခေတ်ဟောင်းတေးသီချင်း၊ ဂီတသံစဉ်၊ ရိုးရာအက၊ ရိုးရာတူရိယာများနှင့်စပ်လျဉ်း၍ မှတ်တမ်းစာအုပ်များထုတ်ဝေခြင်း စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများမှတဆင့် သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း/အဖွဲ့များနှင့် တာဝန်ရှိပုဂ္ဂိုလ်များမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသည့် အချက်အလက်များအား မှတ်တမ်းစာအုပ်အဖြစ် စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

ဤစာအုပ်သည် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာဓလေ့ထုံးတမ်းများနှင့် ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ညွှန်းပြသပေးသည့် ရိုးရာတူရိယာပစ္စည်းများအနေဖြင့် အများပြည်သူ သိရှိလေ့လာမှတ်တမ်းတင်နိုင်ရန်အတွက် များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားများအကြား ယဉ်ကျေးမှုဓလေ့စရိုက် အမွေအနှစ်ကောင်းများကို အပြန်အလှန် အသိအမှတ်ပြု လေးစားတန်ဖိုးထား ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ထုတ်ဝေရခြင်းဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန

အပိုင်း(၁)

ကရင်ရိုးရာတူရိယာများ

၁။ ကရင်လူမျိုးများတွင် တူရိယာပစ္စည်းအမျိုးမျိုးရှိသည့်အနက် သတ္တုဖြင့်ပြုလုပ်ထားသော တူရိယာများမှာ ဖားစည်(ကလို/ကလူး)၊ မောင်း(မို/မွန်)နှင့် လင်းကွင်း(ကျယ်ကျို/ကြာကြင်) များကို တွေ့ရှိရသည်။

၂။ ကြိုးဖြင့်တပ်ဆင်တီးခတ်ရသော တူရိယာများလည်းရှိသေးသည်။ ယင်းတို့မှာ ကရင်စောင်းကောက်(တနာ/နားဒိန်)၊ ဗျတ်စောင်း(တဇ/ခနာ)နှင့် ယော(သောတူ/သောင့်ထွန်း) တို့ဖြစ်ကြသည်။

၃။ ပါးစပ်ကို အသုံးပြုရသည့် လေမှုတ်တူရိယာများမှာ နဲ(ပီး/ပီ)၊ ဖွတ်မိကျောင်းလျှာ (တဃီ/ဂိန်)၊ အလယ်ပေါက်ပလွေ(ပေါ်ဒွား/ပွန်ဒွာ)၊ သံစုံပလွေ(ပီးအား/ပီဘာ)၊ တံပိုးခရာ (ကွယ်/ခွေ)နှင့် ရိုးရိုးပလွေ ဟူ၍ရှိသည်။

၄။ ရင်ပြင်ဝါလုံးငယ်(၇)လုံးစီထားသော ဝါးပတ္တလားနှင့်သားရေကို အသုံးပြု၍ ပြုလုပ်ထားသော အိုးစည်(ဒီဒဲ/ထား)နှင့် ဘင်(တပူ/တပုံး)များလည်း တွေ့ရှိရသည်။ အထက်ဖော်ပြပါ တူရိယာများသည် တွဲဖက်၍တီးခတ်ရသော တူရိယာများရှိသကဲ့သို့ တမျိုးစီသီးသန့် တီးခတ်ပြီး သက်ဆိုင်ရာတေးသီချင်းဖြင့် တွဲဖက်သီဆိုရသော တူရိယာလည်းရှိသည်။

၅။ လူသိနည်းသော ကရင်ရိုးရာတူရိယာပစ္စည်းများ

ကရင်လူမျိုးများ၏ ရိုးရာတူရိယာများအနက် လူသိနည်းသော တူရိယာ(၃)မျိုးမှာ-

(၁) ပီဘား(ပီဘာ)သံစုံပလွေ

(၂) သောတူ(သောင့်ထွန်း)တယော

(၃) တဃီ(ဂိန်)မိကျောင်းလျှာ

(၄) ကျွဲချို(ပဒိုး)

တို့ဖြစ်ပြီး အဆိုပါ တူရိယာများအကြောင်းကို ရေးသားဖော်ပြပါမည်-

(၁) ပီးဘား(ပီဘာ)သံစုံပလွေ

ပီးဘား(ပီဘာ)ပြုလုပ်ရာတွင် ဝါး(ပလွေပြုလုပ်သောဝါး) (၁၄)ချောင်း လိုအပ်ပေသည်။ အဆစ်ကြဲသောပလွေဝါးကို ယူရ၏။ အရှည်ဆုံးဝါးလုံးကို အရှည်(၃)တောင်မျှ ထားရပြီး၊ ကျန်ဝါးလုံးများသည် (၂)ချောင်းတွဲ တဖြည်းဖြည်းတိုသွားရသည်။

နောက်ဆုံး အတိုဆုံး(၂)ချောင်းသည် (၂)တောင်နီးနီး ရှိရ၏။ ဝါးအတွင်းရှိ အဆစ်များ အားလုံး ထုတ်ချင်းဖောက်ထားရ၏။ အောက်ဖက်နှင့် (၁)တောင်နီးပါးအကွာတွင် ဝါးလုံးများ၏ ဘေးများကို (၁)ပေါက်စီ ဖောက်ကာ လျှာခင်(၁)ခုစီ တပ်ထားရသည်။ လျှာခင်ကို ကြေးနီပြား(သို့မဟုတ်)ငွေပြားဖြင့် ပြုလုပ်ထား၏။ အသံထွက်ဆီလျော်ညီညွတ်စေရန် လျှာခင်၏ အပေါ်နား(သို့မဟုတ်) အောက်နားတွင် အပေါက်ကလေးများ ဖောက်ထား၏။ လျှာခင်ရှိရာအပေါ်တွင် လွန်သွားဖြင့် အပေါက်ငယ်(၁)ပေါက်စီ ဖောက်ထားပြန်သည်။ ပီးဘားကို မှုတ်သောအခါ အပေါက်ငယ်များကို လက်ချောင်းထိပ်များဖြင့် ဖွင့်ချည်၊ ပိတ်ချည်ဖြင့် အသံကို ထွက်စေရပါသည်။

ဝါး(၁၄)လုံးကို အစီအစဉ်အတိုင်းထားပြီးနောက် သစ်သားထုတ်ပိုင်းကိုယူ၍ ဂျင်ပုံသဏ္ဌာန်ကဲ့သို့ လုံးအောင်အချောကိုင်ကာ အစွန်းတဖက်အား ညီညီဖြတ်ထားရမည်။ ထို့နောက် အတွင်းသားများကို ထုတ်ပစ်ရ၏။ ညီညီခုတ်ဖြတ်ထားသော အစွန်းဖက်တွင် အနည်းငယ်ချိုင့်အောင်ပြုပြင်ယူပြီး အလယ်တည့်တည့်တွင် အပေါက်ငယ်(၁)ပေါက် ဖောက်ထားရမည်။ အကြောင်းမှာ ပီးဘားအတွင်းသို့ လေမှုတ်သွင်းနိုင်ရန်ပင်ဖြစ်သည်။ သစ်သားလုံးထဲသို့ (ဘေးနှစ်ဖက်ထုတ်ချင်းပေါက်) ဝါး(၁၄)လုံးကို ထိုးသွင်းပြီး ပီးဘားလျှာခင်များကို သစ်သားလုံးခေါင်းအတွင်း၌ တည်ရှိစေရမည်။ သစ်သားလုံးနှင့် ဝါးလုံးငယ်များကို ပျားဖယောင်းဖြင့်မြဲနေအောင် ကပ်ထားရသည်။ ဝါး(၁၄)လုံးအား သစ်ခေါက်မှရသော ကြိုးတစ်မျိုးဖြင့် သုံးဆင့်ချည်ထားရ၏။ ဝါးလုံးများ၏ ထိပ်ဖက် အလယ်နှင့် ခြေရင်းဖက်ဟူ၍ ချည်ထားရ၏။ ရိုးရိုးကြိုးဖြင့် ချည်မည်ဆိုလျှင် ပီးဘားအသံထွက် သိပ်မကောင်းဟု ပြောဆိုကြသည်။ ပီးဘားကို မှုတ်မည်ဆိုပါက သစ်သားလုံးကို လက်ဖဝါးနှစ်ဖက်နှင့် လက်အုပ်ချီကာ ကိုင်တွယ်ရ၏။ သစ်သားလုံးအပေါက်ထဲသို့ လေမှုတ်သွင်းပြီး အပေါက်ငယ်များကို လက်ချောင်းထိပ်ဖြင့် ဖွင့်ချည်ပိတ်ချည်ပြုလုပ်သောအခါ ပီးဘား၏အသံမှာ သာယာငြိမ့်ညောင်းစွာ ပေါ်ထွက်လာမည်ဖြစ်သည်။

ဝါးငယ်(၁၄)လုံးဖြင့် ပြုလုပ်ထားသော်လည်း အသံအမျိုးအစား(၁၃)မျိုးသာ ထွက်ပေါ်လာရန် ပြုလုပ်ထားကြောင်းတွေ့ရှိရသည်။ အဘယ့်ကြောင့်ဆိုသော် ဝါးလုံး(၂)လုံးတွင် အသံတူ(၁)မျိုးတည်း ပြုလုပ်ထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ပီးဘားတွင် အသံ(၁၃)မျိုးသာရှိသည်ဟု သတ်မှတ်ရ၏။ အသံကွဲ(၁၃)မျိုးသာ ရှိရခြင်းမှာ "စိုး"ဟူသော အသံသည် ပီးဘားတွင် (၂)သံ ပါဝင်နေခြင်းကြောင့်ဖြစ်လေသည်။

တစ်ဦးက "ထား"သီချင်းကိုဆိုရင်း တစ်ဦးက ပီးဘားသံဖြင့် တွဲဖက်မှုတ်ရ၏။ သီချင်းကို ပီးဘားသက်သက်ဖြင့် ပလွေမှုတ်သံကဲ့သို့ အသံစုံထွက်အောင် မှုတ်နိုင်သည်။ ရှေးယခင်က လူကြီးများသည် ပီးဘားကို မင်္ဂလာအခမ်းအနားများ၌ မှုတ်လေ့ရှိ၏။ နှစ်သစ်ကူးအချိန်တွင်လည်းကောင်း၊ ကောက်သစ်စားချိန်တွင်လည်းကောင်း၊ အခမ်းအနား ပြုလုပ်သောအခါ ပီးဘားကိုမှုတ်ပြီး "ထား"သီချင်းများဖြင့် သီဆိုတတ်ကြ၏။ ရှေးလူကြီးများသည် ရှေးအဖြစ်အပျက်များကို ပြန်လည်ပြောပြသောအခါ၌ "ထား"သီချင်းသီဆို၍သော်လည်းကောင်း၊ ပီးဘားမှုတ်ပြခြင်းဖြင့်သော်လည်းကောင်း သရုပ်ဖော်လေ့ရှိကြ၏။

ပီးဘားကို မှုတ်သွင်းခြင်းဖြင့်သော်လည်းကောင်း၊ စုပ်၍ မှုတ်ခြင်းဖြင့်သော်လည်းကောင်း အသံကိုထွက်စေနိုင်သည်။ သီချင်းသွားအတိုင်း အသံတစ်လုံးချင်း မှုတ်၍ ရသကဲ့သို့၊ အယ်လ်တို၊ တယ်နာ၊ ဘော့စ်အသံများ တစ်ချက်တစ်ချက် ရောမှုတ်၍လည်းရသည်။

ပီးဘားအရွယ်အစား(၃)မျိုးရှိ၏။ အကြီး၊ အလတ်၊ အငယ် ဟူ၍ ရှိပေရာ အကြီးမျိုးကို ယောကျ်းများမှုတ်သော ပီးဘား(ပီးဘားခွား)ဟူ၍လည်းကောင်း၊ အငယ်မျိုးကို မိန်းမများမှုတ်သော ပီးဘာ(ပီးဘားမူ)ဟူ၍လည်းကောင်း ခေါ်ကြ၏။ "ပီး"၏ အဓိပ္ပါယ်မှာ နဲ(ဝါ)ပလွေဖြစ်ပြီး၊ "ဘား"၏ အဓိပ္ပါယ်မှာ ရှိခိုးပူဇော်ခြင်းဖြစ်သည်။ ထို့ကြောင့် "ပီးဘား"သည် ရှိခိုးပူဇော်ခြင်းအခမ်းအနားများတွင် လက်အုပ်ချီပြီး အရိုအသေပေးကာ မှုတ်ရသော တူရိယာတစ်မျိုးပင်ဖြစ်သည်။

ပီးဘားကို တရုတ်၊ ယိုးဒယားများ၌ အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။ တရုတ်တို့၏အဆိုအရ ပီးဘားကို နှစ်ပေါင်းနှစ်ထောင်ကျော်ကာလကပင် မိမိတို့သုံးစွဲခဲ့သော တူရိယာဖြစ်ကြောင်းသိရှိရသဖြင့် ကရင်လူမျိုးတို့သည်လည်း ပီးဘားကို နှစ်ပေါင်းထောင်ချီ၍ သုံးစွဲခဲ့လိမ့်မည်ဟု ယူဆရပါသည်။

(၂) သောတူ(သောင့်ထွန်း)တယော

သောတူ(သောင့်ထွန်း)သည် ရှေးကျသော ကရင်လူမျိုးတို့၏ တူရိယာတစ်မျိုးဖြစ်ပြီး တိမ်ကောသလောက်ရှိနေချေပြီ။ အုန်းမှုတ်ခွက်ဖြင့် ပြုလုပ်၍ ကြိုး(၃)ချောင်းတပ်ဆင်ထားသော တယောကဲ့သို့ တူရိယာတစ်မျိုးဖြစ်သည်။ တယောထိုးသကဲ့သို့ပင် ဝါးကြောမျှင်(ကြိမ်မျှင်၊မြင်းမြီး)နှင့် ပွတ်ထိုးသောအခါ တယောကဲ့သို့ သာယာစွာ ထွက်ပေါ်လာမည်။ သောတူကို ရိုးရာစောင်းကောက်နှင့်အတူ တီးဝိုင်းများတွင် အသုံးပြုလေ့ရှိသည်။ "ထား"သီချင်းဆိုသံကိုလိုက်၍ တယောကဲ့သို့ ထိုးရသည်။

ရှမ်းအမျိုးသားတို့၏ ရိုးရာတူရိယာတယောနှင့် တူနေကြောင်း တွေ့ရှိရ၏။ တရုတ်၊ ကမ္ဘောဒီးယား၊ ကိုရီးယား၊ ဗီယက်နမ်နှင့် ထိုင်း(ယိုးဒယား) နိုင်ငံများ၌လည်း အလားတူအသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) တယီ(ဂိန်)မိကျောင်းလျှာ

တယီ(ဂိန်)မိကျောင်းလျှာသည် သီချင်းအတက်အကျကို မှုတ်ရသော တူရိယာတစ်မျိုးမဟုတ်ပေ။ အပျို လူပျို အပြန်အလှန် "ထား"ကဗျာလင်္ကာများကို ပါးစပ်နှင့် တိုက်ရိုက်မပြောပဲ တယီဖြင့် အသံပြုခြင်းသာဖြစ်သည်။ ကာလသားတို့သည် ညဉ့်ဦးယံ လသာချိန်၌ အပျိုအိမ်သို့ သွားရောက်လည်ပတ်သောအခါ အိမ်ပေါ်ချက်ချင်း မတက်ဘဲ ခပ်လှမ်းလှမ်းကနေ၍ တယီမှုတ်သံဖြင့် လှမ်းမေး၏။ အပျိုသည် ထိုအသံကို ကြားသော် မိမိတို့တွင်ရှိသော တယီဖြင့်မှုတ်လျှက် ပြန်လည်ဖြေကြားရလေသည်။

တယီကို ဘာဂျာမှုတ်သကဲ့သို့ ပါးစပ်တွင် ဘေးတိုက်ထားပြီး တယီ၏ လျှာခင်တဖက်စွန်းကို လက်ညှိုးဖြင့်ခတ်ရ၏။ တယီ၏ လျှာခင်ကို ပါးစပ်ဖြင့် လေမှုတ်သွင်းပေးခြင်းဖြင့် တုန်ခါစေရာမှ အသံဖြစ်ပေါ်လာသည်။ တယီမှဖြစ်ပေါ်လာသော အသံသည် တဝီဝီဖြင့် ကြားရမည်ဖြစ်သော်လည်း သူ့သင်္ကေတနှင့်သူ မှုတ်သူအချင်းချင်း မိမိတို့သိချင်သော စကားအဓိပ္ပါယ်ကို နားလည်ကြရမည်သာဖြစ်၏။

ယခုခေတ်လူငယ်များသည် တယီကို မှုတ်သောအတတ်ကို တတ်မြောက်သူ မရှိသလောက် နည်းပါးသွားပြီဖြစ်သည်။ ကရင်လူမျိုးများတွင် တယီကို မမြင်ဘူးသူများစွာရှိ၏။ တယီမှုတ်သံကိုလည်း မကြားဘူးသူ ကရင်လူမျိုးများစွာရှိ၏။ ရှေးလူကြီးများသာ တယီမှုတ်တတ်ကြသည်။ တောင်ပေါ်ဒေသနေ စကောကရင်များသည် ယခင်က တယီကို အသုံးများသော်လည်း ယခုအချိန်တွင် အသုံးနည်းပါးသွားပြီဖြစ်သည်။

တယီပြုလုပ်ပုံမှာ (၂)မျိုးနှစ်စားရှိ၏။ ဝါးဖြင့်တစ်မျိုး၊ သံဖြင့်တစ်မျိုး ပြုလုပ်ကြ၏။ ယခင်က ဝါးဖြင့်အသုံးများသော်လည်း နောက်ပိုင်းတွင် သံဖြင့်လုပ်ထားသော တယီကို ပိုမိုအသုံးပြုလာကြ၏။ အဘယ့်ကြောင့်ဆိုသော် သံဖြင့်ပြုလုပ်ထားသော တယီ၏ ပေါ်ထွက်လာသောအသံသည် ဝါးဖြင့်ပြုလုပ်သော တယီအသံထက် ကောင်းမွန်ငြိမ့်ညောင်းခြင်းကြောင့်ဖြစ်သည်။

ဝါးဖြင့်ပြုလုပ်သောတယီမှာ အရှည်(၄)လက်မ၊ အကျယ် လက်မဝက်ခန့် ရှိသော ဝါးခြမ်းဖြင့်ပြုလုပ်ရသည်။ သံဖြင့်ပြုလုပ်သော တယီ၏ လျှာခင်အဖျားကို လက်ချောင်းဖြင့်

ခတ်ပေးသော် အသံထွက်ပေါ်လာမည်ဖြစ်သည်။ လုံးကောက်အသံကို မရဘဲ အသံစဉ်ဖြင့်သာ မှုတ်နိုင်၏။ စူးရှကျယ်လောင်သော အသံမရှိသဖြင့် ညလူတိတ်ချိန်၌သာ မှုတ်လေ့ရှိပါသည်။

ပုံ(၁)



ပီးဘား(ပီဘာ)သံစုံပလွေ

ပုံ(၂)

သောတူ(သောင့်ထွန်း)တယော

ပုံ(၃)

တဃီ(ဂိန်)မိချောင်းလျှာမှုတ်နေပုံ

(၄) ကျွဲချို(ပဒိုး)

ကရင်လူမျိုးများ၏ ပြယုဂ်ဖြစ်သည့် ကရင့်တူရိယာ ဖားစည်နှင့် ကျွဲချို(ပဒိုး) အနက်မှ ကရင်ပဒိုးအကြောင်းဖော်ပြရလျှင် ပဒိုးသည် ကရင်လူမျိုးတို့အတွက် ဘက်စုံသုံးတူရိယာတစ်မျိုးဖြစ်ပါသည်။ ကရင်ပဒိုးနှင့်ပတ်သက်၍ ရာဇဝင်ကောက်ကြောင်း များရှိသကဲ့သို့ ယနေ့မျက်မှောက်အချိန်ထိလည်း ထူးခြားနက်နဲမှုများနှင့် တည်ရှိနေ သည့် တူရိယာတစ်ခုပင် ဖြစ်ပါသည်။

ကရင်လူမျိုးများသည် လွန်ခဲ့သော ထောင်စုနှစ်၊ ရာစုနှစ်များစွာထဲက နေရာစုံ၊ ဒေသစုံတွင် ကျင်လည်နေထိုင်ခဲ့ကြပြီး ရေကြည်ရာ၊ မြက်နုရာရွှေ့လျားရှင်သန်ခဲ့ကြ သည့် လူမျိုးစုတစ်စုဖြစ်ပါသည်။ တောတောင်လျှိုမြောင်များ၊ မြေပြန့်မြေနုကျွန်းပေါ် များပါမကျန် ရှင်သန်ကျက်စားနေထိုင်ခဲ့ကြ၍ သဘာဝ၏ ဖြစ်စဉ်များ၊ သဘာဝ၏ သဘောတရားများကို အခြေပြုပြီး ရိုးရာအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာ များ၊ တူရိယာများကို ကိုယ်ပိုင်ပြယုဂ်အဖြစ် ဖန်တီးခဲ့ကြပါသည်။

ကရင်လူမျိုးများအနေဖြင့် ကျွဲချို(ပဒိုး)ကို စတင်တွေ့ရှိ အသုံးပြုဖြစ်ခဲ့ကြပုံမှာ ရေကြည်ရာ၊ မြက်နုရာရွှေ့လျားနေထိုင်လာကြရင်း တစ်နေ့၌ တောတွင်းတစ်နေရာ တွင် ကျွတ်ကျနေသည့်ကျွဲဦးချိုတစ်ခုကို တွေ့ရှိခဲ့ကြသည်။ အဆိုပါကျွဲချိုအပေါက်ကြီး ထံမှ ထူးခြားသည့်အသံတစ်မျိုး ထွက်ပေါ်လာ၍ အနီးအနားရှိ သားရဲတိရစ္ဆာန်များက ထိုကျွဲချိုပေါက်နှင့် မလှမ်းမကမ်းမှ ဝိုင်းအုံနေကြပါသည်။ မည်သည့်တိရစ္ဆာန်မှလည်း ကျွဲချိုအနား မကပ်ရဲကြဘဲ ထူးထူးခြားခြား စူးစူးရှရှအသံကြောင့် မဝံ့မရဲနှင့် ဝိုင်းအုံ ကြည့်ကြပြီး ကြောက်ရွံ့စိတ်များနှင့် အလျှိုလျှိုထွက်ပြေးသွားကြသည်။

ဤအခြင်းအရာအား တွေ့ရှိသွားကြသည့် တောတွင်းသား ကရင်လုလင် တစ်သိုက်သည် အဆိုပါထူးခြားသည့် ကျွဲချိုနား ချဉ်းကပ်သွားကြပါသည်။ ကျွတ်ကျ နေသည့် ကျွဲချိုအခေါင်းပေါက်ထဲသို့ ပိတုံးကဝင်ပြီး ထွက်ပေါက်ပျောက်နေသည့် အလား အထဲတွင် ပျံသန်းနေခြင်းသာဖြစ်သည်ကို သိရှိသွားကြတော့သည်။

ထိုကြောင့် ကရင်လုလင်များသည် “ဒီကျွဲချိုခေါင်းပေါက်ထဲက ပျားပိတုံးပျံသံ ကြားလျှင် တောရိုင်းတိရစ္ဆာန်များ ကြောက်လှန့်ပြီး ထွက်ပြေးကြသည်။ ပြီးလျှင်အသံ သည် စူးရှပြီး ထူးလည်းထူးခြားသောအသံဖြစ်သည်။ ငါတို့သည် ဒီကျွဲချိုအခေါင်း ပေါက်ကို အခုလိုအသံမျိုးထွက်အောင်လုပ်ရမည်” ဟုဆိုပြီး ကျွဲချိုအကျွတ်ကြီးအား နားခိုရာတဲပုတ်ဆီသို့ ပြန်ယူလာခဲ့ကြသည်။

တဲပုတ်သို့ရောက်လျှင် စောစောကအသံမျိုးထွက်အောင် ကျွဲချိုကို အမျိုးမျိုး လုပ်ကြပါသည်။ နောက်ဆုံးတွင် လိုချင်သည့်အသံမျိုးရအောင် လုပ်နိုင်ခဲ့ပါသည်။ တောထဲသွားတိုင်း ကျွဲချိုပဒိုးမှုတ်ပြီး သွားကြပါသည်။ ပဒိုးသံကို ခပ်ဝေးဝေးမှ ကြားသည်နှင့် မည်သည့်တောရိုင်းတိရစ္ဆာန်မှ အနားမကပ်ရဲကြဘဲ ခပ်ဝေးဝေးက ရှောင်ပြီး ထွက်ပြေးသွားကြပါသည်။

ထိုအချိန်မှစ၍ ကျွဲချိုပဒိုးကို ဘေးအန္တရာယ်ကင်းဝေးစေသည့် တူရိယာအဖြစ် အိမ်တိုင်းတွင် အမြတ်တနိုး ချိတ်ဆွဲထားတတ်ကြပါသည်။ ခရီးထွက်သည့်အခါတိုင်း ယူဆောင်သွားလေ့ရှိပြီး အန္တရာယ်ကင်း၊ ရန်ရှင်းစေရန်အတွက် ပဒိုးမှုတ်သွားလေ့ရှိ ကြပါသည်။

နှစ်ကာလများ ရွှေ့လျားလာသည်နှင့်အမျှ နောက်ပိုင်းတွင် မိသားစုပျော်ပွဲရွှင်ပွဲ များတွင်သော်လည်းကောင်း၊ ထိမ်းမြားလက်ထပ်ခြင်း ပြုလုပ်သည့်အခါမျိုးတွင်သော် လည်းကောင်း၊ ဘေးအန္တရာယ်များ၊ အခြားသောအနှောင့်အယှက်များ မဖြစ်ပေါ်စေရန် သော်လည်းကောင်း၊ စစ်ချီထွက်ရာမှာသော်လည်းကောင်း အသုံးပြုလာကြပါသည်။ ဘေးအန္တရာယ်ကင်းဝေးစေပြီး မဂ်လာရှိစေသော ကျွဲချိုပဒိုးကို ရိုးရာအမွေအနှစ် တစ်ခုအဖြစ် သတ်မှတ်လိုက်ကြပြီး လက်ဆင့်ကမ်းအသုံးပြုလာကြပါသည်။ နောက်ပိုင်းတွင် ကျွဲချို(ပဒိုး)ကို နှုတ်ဦးတည့်ရာ ကြံ့ညလိုမမှုတ်ကြတော့ဘဲ လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝသည့်သံစဉ်မျိုး ထပ်မံတီထွင်လာကြပါသည်။

အလှူများ၊ ပွဲလမ်းသဘင်များတွင် မှုတ်ရမည့်အသံ၊ မဂ်လာဆောင်များတွင် မှုတ်ရမည့် အသံ၊ စစ်ချီထွက်ရာတွင် မှုတ်ရမည့်အသံဟူ၍ သီးခြားသတ်မှတ်ခဲ့ကြသည်။ အန္တရာယ်ကင်း၊ အနှောင့်အယှက်ကင်းစေခြင်းနှင့် မဂ်လာရှိစေခြင်း အကြောင်းအရာချင်း တူကြသော်လည်း ပဒိုးကွက်(သံစဉ်အကွက်)များကို ခွဲခြားသတ်မှတ်ခဲ့ကြသလို ပဒိုး အလုံးအရေအတွက်နှင့်လည်း ခွဲခြားကန့်သတ်ခဲ့ကြသည်။ ပဒိုးသံစဉ်ကိုလည်း နက်နဲ သည့် အဓိပ္ပါယ်များနှင့် အပိုဒ်အခန်းများခွဲပြီး ဖော်ကြူးခဲ့ကြပါသည်။

ရှေးကရင်လူကြီးများက သတ်မှတ်ခဲ့ကြသည့် ကျွဲချိုပဒိုး အခန်းကဏ္ဍမတူကြပုံ မှာ စိတ်ဝင်စားစရာကောင်းသကဲ့သို့ အမျှော်အမြင်ကြီးလွန်းလှပါသည်။ စစ်မက်ချီရာ တွင် ဦးဆောင်သူတစ်ဦးက အချက်ပေးမှုတ်ရသည့် ပဒိုး(၁)လုံး၊ အလှူ၊ ပွဲလမ်းသဘင်၊ ရိုးရာပွဲတော်များတွင် ပဒိုး(၉)လုံး၊ မဂ်လာပြုလက်ထပ်ခြင်းအရာတွင် ပဒိုး(၃)လုံး သို့မဟုတ် (၅)လုံး သို့မဟုတ် (၇)လုံး မှုတ်ရပါသည်။

စစ်မက်ချီရာတွင် ပဒိုး(၁)လုံးတည်း အသုံးပြုရခြင်းမှာ ဦးဆောင်သူတစ်ဦး တစ်ယောက်တည်း၏ အမိန့်စကားအောက်တွင် တစ်စည်းတစ်လုံးတည်းရှိကြစေလိုခြင်း၊ ဦးဆောင်သူများလျှင် အမျိုးမျိုးအထွေထွေသော မတူကွဲပြားမှုများ မဖြစ်ပေါ်လာစေခြင်း၊ အခြားသောအသံတုများပေါ်လာပါက ဆင်ခြင်သိရှိနိုင်စေခြင်းစသည့် အကြောင်းများကြောင့် ပဒိုး(၁)လုံးတည်းသာ အသုံးပြုခဲ့ကြခြင်းဖြစ်ပါသည်။

ရိုးရာအလှူပွဲတော်များတွင် ကျွဲချိုပဒိုး(၉)လုံး အသုံးပြုရခြင်းမှာ ရောင်ခြည်ကိုးသွယ် ဒီကိုးဒီကို အစွဲပြုပြီး သံစုံ၊ လူစုံ၊ ညီညွတ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်ရည်ညွှန်းခြင်းဖြစ်ပါသည်။

လက်ထပ်မင်္ဂလာပွဲများတွင်မူ မတူကွဲပြားစွာ ကျွဲချိုပဒိုး(၃)လုံး၊ (၅)လုံး၊ (၇)လုံး ဟူ၍ (၃)မျိုးသတ်မှတ်ခဲ့ကြပါသည်။ လက်ထပ်မင်္ဂလာဆောင်တွင် ကျွဲချိုပဒိုးအလုံးရေ ခွဲခြားထားခဲ့ကြခြင်းမှာလည်း အကြောင်းရှိပါသည်။ လူငယ်ချင်းသာ မေတ္တာမျှ၍ လူကြီးများက သဘောမတူသော်လည်း မတတ်သာ၍ ထိမ်းမြားပေးခဲ့ကြသော မင်္ဂလာပွဲတွင် ပဒိုး(၃)လုံးသာ မှုတ်ရပါသည်။ လူငယ်ချင်းမေတ္တာမမျှသော်လည်း နှစ်ဖက် မိဘများက သဘောတူပေးစားသော မင်္ဂလာပွဲမျိုးတွင် ပဒိုး(၅)လုံးမှုတ်ရပါသည်။ လူငယ်ချင်းလည်းမေတ္တာမျှ၊ နှစ်ဖက်မိဘလည်း ကြည်ကြည်ဖြူဖြူသဘောတူပေးစားကြသော မင်္ဂလာပွဲများတွင် ပဒိုး(၇)လုံး မှုတ်ရပါသည်။

ထို့ကြောင့် မင်္ဂလာဆောင်ပွဲများတွင် သတို့သားဘက်မှ အိမ်တက်မှုတ်လာသော ကျွဲချို(ပဒိုး)အရေအတွက်ကိုကြည့်ရုံဖြင့် သတိုးသမီး၊ သတို့သား၏ နှစ်ဖက်အသိုင်းအဝိုင်းပတ်သက်မှုအခြေအနေကို သိရှိနိုင်ပါသည်။ မင်္ဂလာဆောင်ပွဲနှင့် ပတ်သက်၍ ယနေ့ခေတ်နေရာဒေသအချို့တွင် ဤပဒိုးထုံးတမ်းအစဉ်အလာများကို မသိရှိကြတော့သလို ပဒိုးအလုံးရေကန့်သတ်မထားတော့ဘဲ အဆင်ပြေသလိုသာ မှုတ်ကြပါတော့သည်။

ကရင်လူမျိုးတိုင်း၏ အထွဋ်အမြတ်ပစ္စည်းတစ်ခုဖြစ်သည့် ကျွဲချိုပဒိုးသည် ယနေ့အချိန်ထိ ကရင်လူမျိုးတိုင်း၏ အမြတ်တနိုးတန်ဖိုးထားကြသည့် ကရင့်ပြယုဂ် အဖြစ်တည်ရှိနေဆဲပင်ဖြစ်ပါသည်။

၆။ ကရင်ဖားစည်အကြောင်းသိကောင်းစရာ

ကရင်လူမျိုးတို့၏ တူရိယာများအနက် ဖားစည်သည် တစ်မျိုးအပါအဝင်ဖြစ်သည်။ ကရင်လူမျိုးတို့ ယဉ်ကျေးမှုအမွေအနှစ်တွင် ဖားစည်သည် အထွတ်မြတ်ဆုံးအဖြစ် သတ်မှတ်ထားကြသည်။ ဖားစည်သည် ကရင်လူမျိုးတို့၏ အမျိုးသားအထိမ်းအမှတ်အဖြစ်လည်း သတ်မှတ်၍ အထူးလေးစားမြတ်နိုးကြသည်။

(၁) ဖားစည်အဓိပ္ပာယ်

ဖားစည်ကို ကရင်လူမျိုးတို့က "ကလို"ဟူ၍ ခေါ်ကြသည်။ ကရင်စကား "ကလို"သည် ဦးညွှတ်အလေးထားခြင်း၊ ကြည်ညိုခြင်း၊ လိုက်နာခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ မြန်မာအခေါ် ဖားစည်ဖြစ်လာခြင်းမှာ စည်၏ မျက်နှာပြင်တွင် ဖါးရုပ်ပါရှိခြင်းကို အစွဲပြု၍ ခေါ်ဆိုဟန်ရှိသည်။

ရှေးအခါက တောတောင်များတွင် နေထိုင်ကြသော ကရင်လူမျိုးတို့သည် တစ်အိမ်နှင့်တစ်အိမ် အလှမ်းကွာဝေးလျက်ရှိကြသည်။ ရွာသူရွာသားများ စုရုံးရန် လိုအပ်သည့်အခါ ဖားစည်ကို တီးခတ်အသံပေးခြင်းဖြင့် စုရုံးလာကြသည်။ အကြောင်းကိစ္စတစ်ခုကြောင့်လည်းကောင်း၊ ရန်သူဘေးနှင့်ကြုံတွေ့၍သော်လည်းကောင်း ဖားစည်ကို တီးခတ်၍ လူစုကြသည်။ ဤသည်မှာ ဖားစည်ကို ဦးညွှတ်အလေးထားခြင်းဟု ဆိုကြသည်။

ကရင်လူမျိုးတို့ရွာတွင် ရောဂါဘယထူပြောသောအခါ ရွာကိုပတ်၍ ဖားစည်ကို ဆုတောင်းအဓိဋ္ဌာန်တို့ဖြင့် တီးခတ်ပြီး မကောင်းဆိုးဝါးများကို နှင်ထုတ်လေ့ရှိသည်။ ဖားစည်၏ စူးရှမြည်ဟီးသောအသံသည် ရောဂါများရှောင်းပြေးသည်ဟူ၍ ယူဆကြသည်။ ဤသည်မှာ ဖားစည်ကို ကြည်ညိုခြင်းဆောင်လေသည်။

ဖားစည်သည် အထွတ်အမြတ်ပစ္စည်းဟူ၍ ဖားစည်မှပြသော အတိတ်နိမိတ်အရ ပြုဖွယ်ရှိသော ပသမ္ဘကိစ္စကို ချက်ချင်းပြုကြသည်။ ဤသို့ဖါးစည်သည် လိုက်နာခြင်း သဘောဆောင်သည်။

(၂) ကရင်လူမျိုး၏ ဖားအယူအဆ

ဖားသတ္တဝါသည် သူတထူးအား ရန်မူလေ့မရှိချေ။ အေးချမ်းစွာနေတတ်သော သတ္တဝါ ဖြစ်သည်။ သို့ရာတွင် ဖားသည် အဆိပ်ပြင်းသောသတ္တဝါကို အောင်နိုင်သည်။ ဖားပြုပ်သည် အဆိပ်ရှိသော သတ္တဝါကို မိမိအရေခွံမှထွက်သော အစေးများကို ညှစ်ထုတ်၍ သေစေနိုင်သော သတ္တိရှိသည်။ ဖားတို့၏ ရန်မူခြင်း မရှိတတ်ခြင်း၊ အေးချမ်းစွာနေထိုင်ခြင်းကို အမှီပြုပြီး ကရင်လူမျိုးတို့သည် ရိုးသားခြင်း၊ စိတ်ထား

ဖြူစင်ခြင်း၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ခြင်းတို့ဖြင့် နှိုင်းယှဉ်မှုပြုထားကြသည်။

ဖားပြုပ်သည် ကတိတည်၍ သစ္စာရှိသည်။ ဖားပြုပ်အော်လျှင် မိုးရွာသည်။ မိမိဥနှင့် ကလေးကို ပြန်စားလေ့မရှိချေ။ မိခင်စိတ်ပြည့်ဝသည်။ ဖားပြုပ်အရေခွံကို စားမိပါက မူးဝေအော့အန်၍ သေနိုင်သည်။ သို့သော် ဖားပြုပ်အရေခွံသည် ဆေးဖက်ဝင်သည်။ ယားနာ၊ ပွေးနာ၊ မီးလောင်ဒဏ်ရာများကို ဖားပြုပ်အရေခွံနှင့် အုပ်ထားလျှင် ချက်ချင်းပျောက်ကင်းနိုင်သည်။ ထိုကဲ့သို့ ဖားပြုပ်တွင် ထူးခြားသော လက္ခဏာရှိမှုကြောင့် ရှေးကရင်လူကြီးများသည် ဖားပြုပ်၏အရေခွံကို အမြတ်တနိုးသိမ်းဆည်းထားလေ့ရှိ၏။

(၃) ဖားစည်တို့၏ သမိုင်းမူလ

ကရင်လူမျိုးတို့က "ကလို" ဖားစည်သည် မည်သည့်အချိန်မှ စတင်အသုံးပြုခြင်းကိုလည်း သမိုင်းအတိအကျ ဖော်ထုတ်ရန် မလွယ်ကူလှချေ။ ကရင်လူမျိုးတို့က မည်သည့်အချိန်တွင် ဖားစည်ကိုသွန်းလုပ်၍ အသုံးပြုခြင်းကိုလည်း အတိအကျ သမိုင်းအထောက်အထားနှင့် ပြောပြနိုင်သူမရှိပေ။ သို့ကြောင့် ဖားစည်နှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးရှိကြသည်။ အသုံးပြုခြင်း၊ အမျိုးအမည်၊ တန်ဘိုးသတ်မှတ်ခြင်းလည်း ဒေသအလိုက် ကွဲပြားခြင်းရှိ၏။ သို့ရာတွင် ဖားစည်ကို အမြတ်တနိုးထားခြင်း၊ လေးစားကြည်ညိုခြင်းတို့မှာ ကရင်လူမျိုးစုတွင် တူညီနေကြသည်။

သမိုင်းအရ ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံသို့မရောက်မီ တရုတ်ပြည်ယူနန်မြောက်ပိုင်းဒေသတွင် နေထိုင်ခဲ့ဖူးကြသည်။ ထိုဒေသမှနေထိုင်သော လဝလူမျိုး၊ "ဝ"လူမျိုးတို့နှင့် ဆက်နွယ်ပြီး ဖားစည်သွန်းလုပ်သောအတတ်ကို တတ်မြောက်လာကြသည်ဟုဆိုသည်။

မျက်မှောက်ခေတ်တွင် ဖားစည်ကို ကရင်လူမျိုးစုအနွယ်တို့က အသုံးပြုခြင်းရှိသည့်အပြင် အရှေ့အာရှ တရုတ်ပြည်နယ်၊ ယိုးဒယား၊ မွန်ဂိုးလီးယား၊ လော၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားတို့တွင် ဖားစည်များကို တွေ့ရှိနိုင်သည်။ ဖားစည်၏ မူလအစ သွန်းလုပ်ရာဌာနမှာ ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်သည်ဟု သုတေသီအချို့ကဆိုသည်။ မည်သို့ပင်ဖြစ်စေ ဖားစည်ကို ကရင်လူမျိုးတို့က လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်က အသုံးပြုခဲ့ကြောင်း တေးကဗျာ၊ လက်ဝ၊ သီချင်းများ သီကုံးထားခြင်းရှိလေသည်။

(၄) ဖားစည်အမျိုးအမည်

ဖားစည်သမိုင်းအစကို အတိအကျဆိုရန် ခက်ခဲသော်လည်း မျက်မှောက်တည်ရှိနေသော ဖားစည်အမျိုးအမည် အခေါ်အဝေါ်အရ "ဝ"လူမျိုးတို့က အများအပြား သွန်းလုပ်ကြောင်း ထင်ရှားနေသည်။ မျက်မှောက်ခေတ်တွင် ဖားစည်အမျိုးအမည် ခုနစ်မျိုးရှိသည်ကို အောက်ပါအတိုင်းတွေ့ရှိရသည်-

(က)ကလိုယူမူး ။ (မဲခေါင်မြစ်ဖျားရှိ အမျိုးသမီးများ သွန်းသော ဖားသည်) "ကလို"မှာ ဖားစည်ဖြစ်ပြီး "ယူမူး"မှာ မဲခေါင်မြစ်ဖျားတွင် နေထိုင်ကြသော အမျိုးသမီးဟူ၍ အဓိပ္ပာယ်ရ၏။

(ခ)ကလိုယူခွား ။ (မဲခေါင်မြစ်ဖျားရှိ အမျိုးသားတို့ သွန်းသော ဖားသည်။) "ယူခွား"၏ အဓိပ္ပာယ်မှာ မဲခေါင်မြစ်ဖျားဒေသရှိ အမျိုးသားများ ဖြစ်ကြသည်။

(ဂ)ကလိုကဝါမူး ။("ဝ" အမျိုးသမီး သွန်းသော ဖားစည်။) "ကဝါ" ၏ အဓိပ္ပာယ်မှာ "ဝ"လူမျိုးဖြစ်ပြီး "မူး" မှာ အမျိုးသမီးဖြစ်၏။

(ဃ)ကလိုကဝါခွား ။("ဝ" အမျိုးသား သွန်းသော ဖားစည်။) "ခွား" ၏ အဓိပ္ပာယ်မှာ အမျိုးသားဖြစ်၏။

(င)ကလိုရှိုဝေမူး ။(ပိုးကရင်အမျိုးသမီးတို့ သွန်းသော ဖားစည်) "ရှိ" ပိုးကရင် ဖြစ်၍ "မူး" မှာ အမျိုးသမီးဖြစ်၏။

(စ)ကလိုရှိုဝေခွား ။(ပိုးကရင်အမျိုးသားတို့ သွန်းသော ဖားစည်) "ခွား" ၏ အဓိပ္ပာယ်မှာ အမျိုးသားဖြစ်သည်။

(ဆ)ကလိုယူကော်တယ်။(ရှမ်းပြည်နယ်တွင် သွန်းသော ဖားစည်)

ကရင်ရှေးဟောင်းတေးကဗျာ၊ လက်ီ၁၊ သီချင်းများအရ ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိအခြေချခြင်း မရှိမီကပင် ဖားစည်ကို သွန်းလုပ်သုံးစွဲကြောင်း အဆိုရှိသည်။ ကရင်လူမျိုးတို့၏ တေးကဗျာ၊ လက်ီ၁၊ ပုံပြင်များတွင် ကရင်လူမျိုးတို့သည် မဲခေါင်မြစ်ဖျားခံရာဒေသတွင် နေထိုင်ခဲ့ဖူးကြောင်းလည်း ရှေးလူကြီးများစကားအရ မှတ်သားမိပါသည်။

(၅) ဖားစည်နှင့် ဖားစည်သွန်းလုပ်မှု

ယေဘုယျအားဖြင့် ဖားစည်ကို သတ္တုဖြင့် သွန်းလုပ်ကြသည်ဟု နားလည်ထားကြသည်။ ဖားစည်သွန်းလုပ်ခြင်းကို တတ်သိနားလည်သူတို့က ပဉ္စရူပခေါ် သတ္တုငါးမျိုးဖြစ်သော ရွှေ၊ ငွေ၊ ကြေးနီ၊ ခဲနှင့် သွပ်တို့ဖြင့် သွန်းလုပ်ရသည်ဆိုဏ်။ ဖားစည်၏ မည်ဟီးအသံ သာယာစူးရှမှုအရ ထိုအဆိုသည် မှန်ကန်နိုင်ပေသည်။

ဖားစည်၏ အသံသည် သာယာ၍အေးမြသည်။ ငြိမ့်ညောင်းခြင်းဖြစ်သော်လည်း အသံလှိုင်းများဝေးစွာလွင့်၍ပြေးသည်။ လျှိုကြားမြိုင်ကြောတွင် တီးခတ်ပါက အသံပို၍ ပြေးသည်။ တောတောင်များရှင်းနေလျှင် အသံမှာဟိန်း၍ ရှည်လျားနေသည်။ ရှေးအခါက စာဆိုများအရ ဖားစည်သံသည် သုံးယူဇနာအဝေးကပင် ကြားနိုင်သည်ဆိုဏ်။ ဖားစည်၏ လိုချင်သောအသံ အသံလွင်လွင်လေးဖြစ်စေရန်မှာ ပဉ္စရူပ ခေါ် သတ္တုငါးမျိုးကို အချိုးကျ သွန်းလုပ်နိုင်မှသာ ရရှိနိုင်သည်ဆိုကြသည်။

(၆) ဖားစည်အမှတ်အသား

ကရင်လူမျိုးတို့၏ ဖားစည်သည် တဖက်ပိတ်ဖားစည်ဖြစ်သည်။ မျက်နှာပြင်သာ အပိတ်ရှိပြီး ဖင်ပိုင်းတွင် ဖွင့်ထားလေသည်။ ဖားစည် မျက်နှာပြင်၊ ကိုယ်ထည်တို့တွင် ရောစပ်ထားသော သတ္တုတို့ဖြင့် သွန်းလုပ်ထားခြင်းဖြစ်သည်။ ဖားစည်ဟူ၍ မြန်မာအသုံးအနှုန်းအရ ခေါ်ဝေါ်ခြင်းဖြစ်သော်လည်း ဖားသားရေတို့ဖြင့်လည်းကောင်း၊ အခြားသားရေတို့ဖြင့်လည်းကောင်း ကျက်ထားခြင်းမရှိချေ။

ဖားစည်၏ မျက်နှာအလယ်တွင် လင်းရောင်ခြည်ဖြာတန်းနေသည်ကို တွေ့ရသည်။ ရောင်ခြည်ခြောက်သွယ်မှ ၁၂ သွယ်အထိ ရှိသည်ကိုတွေ့နိုင်သည်။ ရောင်ခြည်ဖြာတန်းနေသော အပေါ်နားတွင် စက်ဝိုင်းအရစ်များရှိသည်။ စက်ဝိုင်းမှာ ခြောက်ခုမှ ကိုးခုအထိ ရှိတတ်သည်။ စက်ဝိုင်းတစ်ခုနှင့်တစ်ခုအကြားတွင် သွန်းလုပ်သူ ပန်းချီဆရာ၊ ပန်းပုဆရာတို့က ပြည့်စုံလှပစေရန် ငါးရုပ်၊ ငှက်ရုပ်၊ ပန်းပွင့်များ စိတ်သန်သလို ဖော်လေ့ရှိသည်။ ဖားစည်၏ မျက်နှာပြင်ဆိုအပ်သော အနားပတ်လည်တွင် ဖားရုပ်များ လေးနေရာစီ၍ ထားရှိသည်။ ဖားရုပ်များမှာ လက်ယာရစ်၍ တစ်ကောင်နှင့် တစ်ကောင်လိုက်နေဟန် သရုပ်ဖော်ထားသည်။ တစ်ကောင်ထပ်ဖားစည်ဆိုပါက ဖားလေးကောင်ရှိသည်။ သုံးကောင်ထပ်ဖားစည်ဆိုလျှင် ဖားဆယ့်နှစ်ကောင် ရှိမည်ဖြစ်သည်။

ဖားစည်၏ ကိုယ်ထည်ပိုင်းတွင် စက်ဝိုင်းနှင့်အရုပ်အမျိုးမျိုးကို မွမ်းမံခြယ်သထားသည်။ ကိုယ်ထည်အောက်ပိုင်းနှုတ်ခမ်းတွင် ဆင်ရုပ်၊ ခရုရုပ်လုံးများ တပ်ဆင်

ထားသည်။ ဆင်ရုပ်အောက်နားတွင် ဆင်ချေးတုံးများကိုလည်း တွေ့ရတတ်သည်။ အချို့သော ဖားစည်တွင် ဆင်ရုပ်နှင့် ခရုရုပ်များမှာ အဆင်းပုံဏ္ဍာန်ရှိပြီး အချို့က အတက်ပုံဏ္ဍာန်ရှိသည်။ အချို့မှာ မည်သည့်အရုပ်မျှ မပါရှိသည်ကိုလည်း တွေ့ရသည်။ ဤသည်မှာ သွန်းလုပ်သူ ပန်းချီဆရာ၊ ပန်းပုဆရာတို့၏ အလိုတော်အရ ဖြစ်ဟန်ရှိသည်။

'ဖားအော်လျှင်မိုးရွာ၊ မိုးရွာလျှင်ငါးကျ။ ငါးကျတော့ရေကြီး၊ ရေကြီးမှ ဆင်သစ်ဆွဲ၊ ဆင်သစ်ဆွဲမှ သစ်ကျ။ သစ်ကျမှ ပြည့်ဝ'ဟူသော စကားစုအတိုင်း ဖားစည်မျက်နှာပြင်နှင့် ကိုယ်ထည်ကို ဖားရုပ်၊ ငါးရုပ်၊ ဆင်ရုပ်အမှတ်အသား ဖြစ်လာသည်ဟု အချို့လူကြီးများက ဆိုကြပေသည်။

(၇) ဖားစည်တွင်ပါရှိသည့် အရုပ်များ၏အဓိပ္ပာယ်

ဖားစည်မျက်နှာပြင် ကိုယ်ထည်တို့တွင် အရုပ်များဖော်မှုနှင့် ပတ်သက်၍ ထူးခြားချက်အဖြစ် အဓိပ္ပာယ်ဖော်၍ ကောက်ချက်ချသည်။ ဖားစည်မျက်နှာပြင် ရောင်ခြည်ဖြာခြင်းသည် ရဲရင့်တည်ကြည်စွာရှိနေခြင်းဖြစ်သည်။ ဖားရုပ်မှာ ဖားသတ္တဝါတို့သည် ရေတွင်လည်းကောင်း၊ ကုန်းတွင်လည်းကောင်း ကျက်စားသွားလာနိုင်သည်။ ဖားစည်ကို ပိုင်ဆိုင်သူသည် ကရင်စကားဖြစ်သော 'လေလေ့ထီ ထို့ထဘာ၊ လေလေ့ခွန်ခွန်ထဘာ' စကားအတိုင်း ရေလမ်းတွင် သွားလာ၍ဖြစ်စေ၊ ကုန်းလမ်းတွင် သွားလာ၍ဖြစ်စေ စောင်မခြင်းခံရပြီး ဘေးကင်းရန်ရှင်း၍ ကုန်းမြေပိုင်ရှင်၊ ရေမြေပိုင်ရှင်အဖြစ် တိုးတက်ကြီးပွားနိုင်သော အဓိပ္ပာယ်ဆောင်သည်။

ဆင်ရုပ်ကို ဖော်ထားခြင်းသဘောမှာ ဆင်တို့မည်သည် ကုန်းသတ္တဝါတွင် အားအင်အကြီးမားဆုံးဖြစ်သည်။ လူသားတို့၏ အကျိုးကို အများဆုံးဆောင်နိုင်သော ရတနာတစ်ပါး ဖြစ်သည်။ ဆင်ရုပ်ပါသော ဖားစည်ပိုင်ရှင်သည် သြဇာတိက္ကမရှိပြီး ပစ္စည်းကုံလုံကြွယ်ဝ၍ လူအများအကျိုးဆောင်နိုင်သောပုဂ္ဂိုလ် ဖြစ်လာနိုင်၏။

ထို့အတူ ခရုရုပ်သည် ကုန်း၊ ရေ နှစ်ဌာနတို့တွင် နေနိုင်သောသတ္တဝါဖြစ်သည်။ ရာသီချိန်ခါမရွေး ရှာဖွေရရှိနိုင်ပြီး မျိုးဆက်မပြုန်းနိုင်သော သတ္တဝါတစ်မျိုးဖြစ်သည်။ မဂ်လာယူရာတွင် ခရုသင်းမှုတ်၍ အသုံးပြုရသကဲ့သို့ ဖားစည်ပိုင်ရှင်သည်လည်း ထာဝစဉ် မဂ်လာကျက်သရေတိုးနိုင်သည်ဟု အဓိပ္ပာယ်ဆောင်လေသည်။ အခြားခြားသော အရုပ်ပန်းချီများလည်း သူ့အဓိပ္ပာယ်နှင့်သူ ဆောင်၍ ရှိနေမည်ဖြစ်၏။

(၈) ဖားစည်၏ တန်ဖိုး

ကရင်လူမျိုးများ၏ ဖားစည်တန်ဖိုးသတ်မှတ်ချက်သည် ဖားအရေအတွက်ကို အခြေခံထားကြသည်။ ပိုးကရင်စကားတွင် 'ကလိုလဖလုံး စေသန့်ဖောင်း'ဟူ၍ ရှိသည်။ အဓိပ္ပာယ်မှာ ဖားစည်တစ်လုံး ငွေသုံးရာ တန်ဖိုးထားသည်။ ဖားတစ်ကောင်ထပ် ဖားစည်ကို ငွေသားတစ်ရာ၊ ဖားနှစ်ကောင်ထပ် နှစ်ရာ၊ ဖားသုံးကောင်ထပ် သုံးရာ စသည်ဖြင့် သတ်မှတ်လေ့ရှိသည်။

အချို့သောဒေသတွင် ဖားစည်မျက်နှာပြင် အကျယ်အဝန်းကိုလိုက်၍ တန်ဖိုး သတ်မှတ်ကြသည်။ ဖားစည်အကြီး၊ အသေး၊ အလတ် တန်ဖိုးထားသည့် သဘောဖြစ်သည်။ ဖားစည်၏မျက်နှာပြင်ကို လက်သီးဆုပ်ဖြင့် တိုင်းတာ၍ လက်သီးဆုပ်နှစ်ဆုပ်မှ ခြောက်ဆုပ်အထိရှိလျှင် "စီမံ"ဖားစည်အဖြစ် သတ်မှတ်ကြသည်။ တချို့က ဖားစည် သွန်းလုပ်သော ပစ္စည်းတန်ဖိုး အသံသာယာမှုကိုလိုက်၍ တန်ဖိုးသတ်မှတ်ခြင်းလည်း ရှိသည်။ ရှေးအခါက အသံအလွန်သာယာသောဖားစည်ကို တန်ဖိုးငွေ တစ်ထောင်အထိ အလွန်ညံ့ဖျင်းလျှင် တန်ဖိုးငွေ ၁၀၀(တစ်ရာ)အထိ ရှိသည်ဟု ဆိုကြသည်။

ဖားစည်တန်ဖိုးသတ်မှတ်ချက်မှာ အမျိုးမျိုးကွဲပြားလေ့ရှိသော်လည်း အများစု သတ်မှတ်ချက်မှာ ဖားစည်ပေါ်တွင် တပ်ဆင်ထားသော ဖားအရေအတွက်ကိုလိုက်၍ တန်ဖိုးသတ်မှတ်ကြသည်။ အချို့သောဒေသတွင် ပြစ်ဒဏ်ကျူးလွန်သောသူကို လျော်ကြေးပေးရာတွင် ဖားစည်တစ်လုံးကို တန်ဖိုးငွေသုံးရာဖြင့်လည်းကောင်း၊ မင်္ဂလာကြေးတင်တောင်းရာမှာလည်း ဖားစည်တစ်လုံးကို ငွေသုံးရာဖြင့်လည်းကောင်း တန်ဖိုးဆုံးဖြတ်လေ့ရှိသည်။

(၉) ကြန်စုံဖားစည်

ဖားစည်တစ်လုံးသည် ကြန်စုံလက္ခဏာနှင့် ပြည့်စုံခြင်း ရှိ/မရှိကို သိရှိနိုင်ရန် ဖားစည်သွန်းလုပ်ရာတွင် ရောစပ်သော သတ္တုအမျိုးအစား၊ စည်မျက်နှာပြင် ကိုယ်ထည် တို့တွင် ပါရှိသော အရုပ်များ ပြည့်စုံမှု ရှိ/မရှိအပေါ်တွင် သတ်မှတ်ကြသည်။ သို့ရာတွင် ဖားစည်သွန်းလုပ်ရာတွင် သတ္တုရောစပ်မှုမှာ အချိုးအစားခွဲထားရန် မလွယ်ကူလှ သဖြင့် ဖားစည်ပေါ်တွင်သာရှိသော အရုပ်အမှတ်အသားများကို အကဲဖြတ်သတ်မှတ် နိုင်ကြသည်။ ကြန်စုံဖားစည်တွင် ရှိအပ်သော အင်္ဂါရပ်များမှာ -

(က) ဖားရုပ် သုံးကောင်ထပ် အမျိုးအစားဖြစ်ခြင်း၊

(ခ) ဖားရုပ်များသည် လက်ယာရစ်၍ တစ်ကောင်နှင့်တစ်ကောင် မျက်နှာပြု လိုက်နေခြင်း၊ အနည်းဆုံး ၁၂ ကောင် ပါရှိခြင်း၊

(ဂ) ဖားစည်မျက်နှာပြင်အလယ်တွင် ဆယ့်နှစ်သွယ်သော ရောင်ခြည်ဖြာတန်းနေခြင်း၊

(ဃ) ဖားစည်မျက်နှာပြင် အဝိုင်းအရစ်များ အစိပ်အကျဲ မှန်ကန်ခြင်း၊ အနည်းဆုံး စက်ဝိုင်းခြောက်ခုရှိခြင်း၊

(င) ဖားစည်အထက် နှစ်ဖားပေါက်နှင့်တန်း၍ ကိုယ်ထည်ပေါ်တွင် ဆင်သုံးကောင်ရုပ်၊ ခရုသုံးကောင်ရှိခြင်း၊

(စ) အသံများလွင်၍ သာယာအေးမြခြင်း စသည်တို့ဖြစ်သည်။

(၁၀) ဖားစည်ဖို ဖားစည်မ

အချို့သောဒေသတွင် ဖားစည်ကို အဖိုအမဟူ၍ ခွဲခြားထားသည်။ သို့ရာတွင် အဖိုအမကို တိတိကျကျ ခွဲခြားသတ်မှတ်ခြင်းကား မပါရှိချေ။ မျက်နှာပြင်ကျယ်ပြီး အလျားရှည်သော် ဖားစည်ဖိုဟူ၍လည်းကောင်း၊ ပုပုပျပျရှိသော ဖားစည်ကို ဖားစည်မ ဟူ၍လည်းကောင်း ယေဘုယျသတ်မှတ်ကြသည်။

ဖားစည်ဖိုသည် မျက်နှာပြင်အဝတွင် ဖားရုပ်များ အပြည့်အစုံရှိသည်။ ကိုယ်ထည်နှင့် ခါးပိုင်းတို့တွင်လည်း ဆင်ရုပ်၊ ငါးရုပ်များ၊ ခရုရုပ်များရှိသည်။ ဖားစည် အမမှာမူ ရိုးရိုးဖားစည်ကဲ့သို့ပင် ရှိနေပြီး ကိုယ်ထည်မှာ တပိုင်းပြတ်၍ ဖားစည်ဖိုကဲ့သို့ အလျားရှည်ခြင်းမရှိဟူ၍ အချို့ကဆိုကြသည်။

အချို့က ဖားစည်အဖိုအမကို အသံဖြင့် ခွဲခြားခြင်းလည်းရှိ၏။ ဖားစည်အမ သည် အသံလွင်၍ အေးချမ်းသည်။ ဖားစည်အဖိုသည် အသံမှာ ဟိန်း၍စူးရှသည်။ ထိုဖားစည်မျိုးကို စစ်ထွက်ရာတွင် အသုံးပြုလေ့ရှိပြီး စစ်ထွက်ဖားစည် ဟူ၍လည်း ခေါ်ကြသည်။ အချို့က စစ်ထွက်ဖားစည်ကို ဇေယျာဖားစည်ဟုလည်းကောင်း အမည် ပေးထားလျက်ရှိသည်။ ထိုဖားစည်မျိုးသည် နယ်စားမြို့စားတို့သာ ထားရှိလေသည်။

(၁၁) မင်္ဂလာဖားစည်နှင့် အမင်္ဂလာဖားစည်

ဖားစည်အဖို၊ ဖားစည်အမ ခွဲခြားထားရှိသလို မင်္ဂလာဖားစည်၊ အမင်္ဂလာ ဖားစည် ဟူ၍လည်း သတ်မှတ်ထားခြင်းရှိပေသည်။ ဖားစည်မျက်နှာပြင်ရှိ ဖားရုပ်များ သည် လက်ယာရစ်ပြီး တစ်ကောင်နှင့်တစ်ကောင် မျက်နှာမူ၍ လိုက်နေကြဟန် သွန်းလုပ်ထားခြင်းကို မင်္ဂလာဖားစည်ဟူ၍ သတ်မှတ်ကြသည်။ မင်္ဂလာဖားစည်၏ ဖားရုပ်များအနေအထားသည် ဦးဆောင်မှုရှိခြင်း၊ ခေါင်းဆောင်မှုပေးခြင်း၊ ညီညွတ်မှု ရှိခြင်းကိုပြသည်။ မင်္ဂလာဖားစည်သည် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည့်

ထိမ်းမြားလက်ထပ်ပွဲ၊ ကောက်ဦးစားပွဲ၊ နှစ်သစ်ကူးပွဲတော်၊ လူမှုရေးရာအလှူပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများတွင် တီးခတ်လေ့ရှိသည်။

အမင်္ဂလာဖားစည်သည် ဖားရုပ်များမျက်နှာချင်းဆိုင်နေလျက်ရှိတတ်သည်။ သွေးကွဲနေခြင်း၊ ရန်စောင်နေခြင်းနှင့် ညီညွတ်မှုမရှိခြင်းကိုပြသည်။ အမင်္ဂလာဖားစည်ဟူ၍ အမည်တပ်ပေးခြင်းနှင့်အတူ အသုဘများ၊ အရိုးကောက်ပွဲများနှင့် အခြားသော အမင်္ဂလာကိစ္စတို့တွင် တီးခတ်လေ့ရှိသည်။

မင်္ဂလာဖားစည်ကို အေးသောဖားစည်၊ အမင်္ဂလာဖားစည်ကို ပူသောဖားစည်ဟူ၍လည်း ခေါ်ဆိုကြသည်။ အေးသောဖားစည်သည် အိမ်ခ္ဍသော်လည်းကောင်း၊ ကျောင်းခ္ဍသော်လည်းကောင်း မြင့်မြတ်သောနေရာတွင် ချိတ်ဆွဲထားလေ့ရှိပြီး မပြတ်ပူဇော်ပသကြသည်။ ပူသောဖားစည်သည် အိမ်ပေါ်တင်မိလျင် ဘေးဒုက္ခကျရောက်တတ်သည်ဟု ယူဆကြသည်။ ရွာအပြင်ရှိ လုံခြုံသောနေရာတွင် သိမ်းဆည်းထားလေ့ရှိသည်။

(၁၂) အသုံးပြုခြင်း

ကရင်လူမျိုးတို့သည် ဖားစည်ကို အလွန်တန်ဖိုးထားကြပြီး အမျိုးသားအထိမ်းအမှတ်အဖြစ် သတ်မှတ်သည့်အလျောက် လေးစားစွာ အိမ်ပေါ်မြင့်မြတ်သော နေရာတွင် သိမ်းဆည်းထားလေ့ရှိသည်။ ဖားစည်ကို ချိန်ခါမရွေးတီးခတ်ခြင်းမပြုရချေ။ ဝါခေါင်လ လက်ချည်မင်္ဂလာ(အောင်းလာခေါက်ခိုင်စူး) ပြုလုပ်သည့်အခါ၊ သင်္ကြန်အတာကူးသောအခါ၊ သီတင်းကျွတ်ပွဲတော်များ ကျင်းပသည့်အခါ၊ ဘာသာရေးပွဲတော်၊ မင်္ဂလာပွဲတော်ကျင်းပသောအခါများတွင် တီးခတ်လေ့ရှိသည်။

ထို့အပြင် အထက်ဖော်ပြပါအတိုင်း မင်္ဂလာကြေးတင်တောင်းရာတွင်လည်း ဖားစည်တစ်လုံးကို တန်ဖိုးငွေ သုံးရာကျော် သတ်မှတ်ပြီး အသုံးပြုခြင်းလည်းရှိသည်။ အချို့သောဒေသတွင် တရားစီရင်ဆုံးဖြတ်ရာ၌ အမှုငယ်၊ အမှုကြီးအလိုက် ဖားစည်ကို လျော်ကြေးအဖြစ် အသုံးပြုခြင်းလည်းရှိသည်။

ဖားစည်သည် တန်ဖိုးမြင့်မြတ်ပြီး မင်္ဂလာစည်တော်ချိန်တစ်မျိုးဖြစ်သဖြင့် ပစ္စည်းဥစ္စာခနကြွယ်ဝသူများ အကြီးအကဲများတို့သာ ထားရှိနိုင်ကြလေသည်။ အရှေ့ပိုးကရင်တို့ စကားတစ်ရပ်တွင် "ဒေါက်ပိုင်ဒေးကျိုး ဒေစေ" ငွေကြေးနှင့် ဖားစည် ရတနာပြည့်စုံသည်ဟူ၍ တင်စားလေ့ရှိသည်။

(၁၃) ရွှေဖားစည် ငွေဖားစည်

ဖားစည်ကို ရွှေဖားစည်၊ ငွေဖားစည်ဟူ၍ ခေါ်ဝေါ်ခြင်းရှိသော်လည်း စင်စစ်တွင် ရွှေအတိဖြင့် သွန်းလုပ်သော ဖားစည်၊ ငွေအတိဖြင့် သွန်းလုပ်သော ဖားစည်ဟူ၍ သက်သေမရှိပါချေ။ ဖားစည်ကို သွန်းလုပ်ရာတွင် ရွှေကို အဓိကထားပြီး ဖားစည်၏ အရစ်များကို ရွှေဖြင့်ဖော်ထားခြင်းကို ကရင့်အခေါ် "ကလိုထွန့်" ရွှေဖားစည်ဖြစ်သည်။ ထို့အတူ ဖားစည်၏အရစ်များကို ငွေဖြင့်သွန်းလုပ်လျှင် "ကလို" ငွေဖားစည် ဖြစ်သည်။

ထို့အတူ ပဉ္စရူပဖြစ်သော သတ္တုငါးမျိုးဖြင့် အချိုးကျရောစပ်ပြီး သွန်းလုပ်သော ဖားစည်ကို "ကလိုထွန်း" သလွဲဖားစည် (၀ါ) ကြေးဖားစည် ဟူ၍လည်း ရှိပေသည်။ မျက်မှောက်ခေတ်တွင် ကြေးဖားစည်ကိုသာ အများအပြားတွေ့ရှိနိုင်သည်။

(၁၄) ဖားစည်တီးခတ်နည်း

ဖားစည်တီးခတ်ရာတွင် လက်ယာဘက်လက်က ဖားစည်မျက်နှာပြင်ကို ထုပြီး လက်ဝဲဘက်လက်တွင် တုတ်ပါးပါးတစ်ချောင်း သို့မဟုတ် နှီးစည်းဖြင့် ဖားစည်တွင်းသို့ သျှိုသွင်းပြီး တီးခတ်ရသည်။ လက်နှစ်ဖက်စလုံး တီးခတ်ပါမှသာ တီးခတ်နည်း မှန်ကန်နိုင်သည်။ မင်္ဂလာလည်းရှိသည်။ တီးခတ်နည်း မမှန်ပါက ထိခိုက်တတ်သည်ဟု အယူအဆရှိသည်။ အချို့သောဒေသတွင် အကြောင်းမရှိဘဲ တီးခတ်ပါက ရွာတွင်းရှိ နေထိုင်ကြသူများ သေကြေပျက်စီးတတ်သည်ဟု အယူအဆရှိပြီး အကြောင်းမဲ့တီးခတ်ခြင်းမပြုရန် အထူးတားမြစ်ထားကြသည်။

ဒုံးကသောအခါတွင် ဖားစည်၊ လင်းကွင်း၊ မောင်း၊ နဲ့တို့ဖြင့် တွဲဖက်၍ တီးခတ်ကြသည်။ ဤအခါတွင် ဖားစည်သည် ကရင်လူမျိုးတို့၏ တူရိယာတစ်မျိုး ဖြစ်လေသည်။ ဆယ့်ရှစ်လက်မအရွယ်ရှိသော ဖားစည်၊ ဆယ်နှစ်လက်မ အရွယ်ရှိသော ဖားစည်၊ လင်းကွင်း၊ အဝ ဆယ့်နှစ်လက်မရှိသော အိုးစည်နှင့် ဆယ်လက်မ အရွယ်ရှိသော မောင်းတို့ဖြင့် တွဲဖက်၍တီးလျှင် လိုက်ဖက်ညီညွတ်ပြီး သာယာသော အသံများရှိသည်ဟု ဆိုကြသည်။

(၁၅) ဖားစည်၏ အတိတ်နိမိတ်

ဖားစည်သည် တစ်ခါတစ်ရံ အရေများ စိမ့်ထွက်လာတတ်သည်။ ယင်းကို ကရင်လူမျိုးတို့က ဖားစည်မျက်ရည်ယိုထွက်၍ ငိုသည်ဟု ယူဆကြသည်။ ထိုသို့ ဖြစ်လာလျှင် ဖားစည်ကို ပူဇော်ပသကြသည်။

ဖားစည်ကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပူဇော်ပသကျွေးမွေးရသည်။ အိမ်၌ ထားရှိသော ဖားစည်သည် မည်သူမျှ မတီးခတ်ဘဲ အလိုလိုမြည်လာပါက ရွာတွင် ရွာသားတစ်ဦးတစ်ယောက် သေဆုံးတော့မည်ဖြစ်ကြောင်း နိမိတ်ပြသည်ဟု ဆိုလေ သည်။ နိမိတ်ပြသည့်အတိုင်း ဖြစ်လေ့ရှိသည်ဟု လူကြီးများက ဆိုကြသည်။

သို့ကြောင့် ဖားစည် အလိုလို အသံမြည်လာပါက စားသောက်ဖွယ်တို့ဖြင့် ပူဇော်ပသကြလေသည်။ အချို့ဒေသတွင် မင်္ဂလာဖားစည်ကို တစ်ခါတီးလျှင် ရွာသား တစ်ယောက် သေတတ်သော ဖားစည်ရှိဖူးကြောင်း ရှေးလူကြီးများက ဆိုကြသည်။ ထိုဖားစည်မျိုးကို ရွာတွင် မထားရှိကြဘဲ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်း လိုက်ကြပြီး ဘုန်းတော်ကြီးများက ပရိတ်ရွတ်၍ အစွဲများချွတ်ပေးခြင်းဖြင့် ပြန်လည် မွန်မြတ်လာသည့် ဖားစည်များလည်းရှိကြောင်း သိရှိရသည်။

၇။ မျက်မှောက်ခေတ်

မျက်မှောက်ခေတ်တွင် ဖားစည်သည် အလွန်ရှားပါးလာသော အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းတစ်ခုဖြစ်လေသည်။ ဖားစည်သွန်းလုပ်ခြင်းအတတ်ကိုလည်း တတ်မြောက်သူ များ မရှိသလောက်ဖြစ်နေသည်။ ရှေးအခါက မင်္ဂလာကြေးအဖြစ်တင်တောင်းခြင်း၊ တရားစီရင် ရာတွင် လျော်ကြေးအဖြစ် တန်ဖိုးသတ်မှတ်ခြင်းရှိသော်လည်း ယခုအခါတွင် ကရင်ရွာတိုင်းပင် ရှာဖွေ၍မတွေ့ရှိနိုင်တော့ချေ။ နောင်အခါတွင် ဖားစည်သည် ရှိခဲ့ဖူးခြင်းသာ ကြားသိရပြီး မျက်မြင်ကိုယ်တွေ့အသုံးပြုခဲ့သော နှောင်းခေတ်လူငယ်များလက်ထက်တွင် တည်ရှိနိုင်တော့ မည်မဟုတ်ချေ။

ကရင်လူမျိုးတို့၏ အမျိုးသားအထိမ်းအမှတ်ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တည်ရှိခဲ့ သော ဖားစည်သည် လူမျိုးနှင့်အတူဆက်လက်တည်တံ့နိုင်ရန် ကရင်လူမျိုးတို့က ဆက်လက် ထိန်းသိမ်းခြင်း၊ ဆက်လက်သွန်းလုပ်ခြင်းကို အားထုတ်ပြုလုပ်သင့်ကြောင်း ဆန္ဒပြုတိုက်တွန်း အပ်ပါသည်။

ဖူးတောအူး(သရာဘူးမူး)ရေးသားဖော်ပြခဲ့သော ဖားစည်ခုနစ်မျိုးအကြောင်းကို ထည့်သွင်း ဖော်ပြလိုပါသည်။ အဆိုပါဖားစည်တို့သည် ကရင်လူမျိုးတို့၏ လူနေမှုဘဝကို အသီးသီး အဓိပ္ပါယ်ဖော်ဆောင်နေကြောင်း ရေးသားတင်ပြထားသည်။ ၎င်းဖားစည်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(၁) ဖားလေးကောင်သည် ဖားစည်မျက်နှာပြင်ပေါ်တွင် လက်ဝဲရစ် တစ်ကောင်နောက် တစ်ကောင် လိုက်သွားနေပြီး၊ ဆင်ကြီးတကောင် ထွက်ပြေးကာ ချေးတုံးတစ်တုံး စွန့်ထားသည်။

(၂) ဖားလေးတစ်ကောင်က တခြားဖားတစ်ကောင်စီ ကျော်ပိုးထား၍ လက်ဝဲရစ် တစ်ကောင်နောက်တစ်ကောင် လိုက်သွားပြီး ဆင်ကြီးနှစ်ကောင် ထွက်ပြေးကာ ချေးတုံးနှစ်တုံး စွန့်ထားသည်။ (ဖားနှစ်ထပ်)

(၃) ဖားလေးတစ်ကောင်က တခြားဖားနှစ်ကောင်စီ ကျော်ပိုးထား၍ လက်ဝဲရစ် တစ်ကောင်နောက်တစ်ကောင် လိုက်သွားပြီး ဆင်ကြီးသုံးကောင်ထွက်ပြေးကာ ချေးတုံးသုံးတုံးစွန့်ထားသည်။ (ဖားသုံးထပ်)

(၄) ဖားလေးကောင်သည် မျက်နှာချင်းဆိုင်လျက် ဆင်ကြီးတကောင် မကြောက် မရွံ့ဘဲ တက်လာသည်။

(၅) ဖားလေးကောင်သည် အထက်အောက် မျက်နှာချင်းဆိုင်လျက် ဆင်ကြီး နှစ်ကောင် မကြောက်မရွံ့ဘဲ တက်လာသည်။

(၆) ဖားလေးကောင်နှင့် ဆင်ကြီးလေးကောင် အသီးသီးတို့သည် လက်ဝဲရစ် တစ်ကောင်နောက်တစ်ကောင် လိုက်နေကြသည်။

(၇) ဖားစည်မျက်နှာအဝိုင်းပေါ်တွင် ဖားလေးကောင် ပျောက်ကွယ်သွားပြီး ဆင်ကြီး လေးကောင်သာ ကျန်၍ တစ်ကောင်နောက်တစ်ကောင် လိုက်နေကြသည်။

အထက်ဖော်ပြပါ ဖားစည်ခုနစ်မျိုး၏ ကွဲပြားခြားနားပုံတို့သည် ကရင်လူမျိုးတို့၏ လူနေမှုဘဝ၏ သင်ခန်းစာတစ်ရပ်အနေဖြင့် ဖော်ညွှန်းပြဆိုထားခြင်းဖြစ်သည်။

ပထမဖားစည်အမျိုးအစားသည် စည်းလုံးညီညွတ်ခြင်း၊ မေတ္တာထားခြင်း၊ ဖြောင့်မတ်ခြင်း၊ စာရိတ္တကောင်းခြင်းတို့၏ တန်ခိုးအာနိသင်ကြောင့် မကောင်းဆိုးဝါးကို ကိုယ်စားပြုသော ဆင်ကြီးက ရင်မဆိုင်ရဲဘဲ ထွက်ပြေးပြီး ချေးတုံးတစ်တုံးပင်ထွက်ကျ ကျန်ခဲ့၏။

ဒုတိယဖားစည်အမျိုးအစားသည် ပထမဖားစည်ကဲ့သို့ အဓိပ္ပါယ်ရှိသည်သာမက ဆင်းရဲသူ ဆင်းရဲသားများ၊ ဒုက္ခရောက်သော မုဆိုးမနှင့် မိဘမဲ့များအား သနားကြင်နာ ကူညီရိုင်းပင်းမှုပြုခြင်းကို ဖော်ညွှန်းထား၏။ ထို့ကြောင့်လည်း ဖားတစ်ကောင်က အခြားဖားတစ်ကောင်ကို ကျော်ပိုးထားခြင်းဖြစ်၏။ ထို့ကြောင့် မကောင်းဆိုးဝါးကို ကိုယ်စားပြုသော

ဆင်နှစ်ကောင်က ကြောက်ရွံ့ခြင်းများဖြင့် ထွက်ပြေးရပြီး ချေးတုံးတစ်တုံးစီ ထွက်ကျကျန်ခဲ့ကြ၏။

တတိယဖားစည်အမျိုးအစားသည် အကောင်းဆုံးသော သင်ခန်းစာကိုပေးထားသည်။ အောက်ဆုံးဖားသည် အကောင်ကြီး၍ ကျန်ဖားနှစ်ကောင်ကို ကျော်ပိုးထား၏။ အပေါ်ဆုံးဖားသည် အလယ်ဖားထက် အနည်းငယ်သေး၍ အလယ်ဖားသည် အောက်ဆုံးဖားထက် အနည်းငယ်သေး၏။ ကြီးသောသူက ငယ်သောသူကို ကူညီဖေးမခြင်းကို ဖေါ်ညွှန်းထား၏။ ထို့ကြောင့် ဆင်ကြီးသုံးကောင်လုံး ကြောက်ရွံ့ခြင်းများစွာဖြင့် ထွက်ပြေးရပြီး ချေးတုံးတစ်တုံးစီ ထွက်ကျကျန်ခဲ့ကြ၏။

အထက်ပါ ဖားစည်သုံးမျိုး၏ အဂ်ီလက္ခဏာများသည် "ညီညွတ်ခြင်းသည် အင်အား" ဟူသော ဆောင်ပုဒ်ကို ဖော်ပြလျက်ရှိသည်။ တိုင်းရင်းသားလုပ်သားပြည်သူတို့၏ ဘဝတိုးတက်ရေးကို သရုပ်ဖော်ထားခြင်းဖြစ်နေသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အင်အားသည် နိုင်ငံတော်၏ အဓိကလိုအပ်ချက်ပင်ဖြစ်ကြောင်း ကောက်ချက်ချရန်သာ ရှိတော့၏။

စတုတ္တ၊ ပဉ္စမနှင့် ဆဋ္ဌမ ဖားစည်များမှာမူကား ဆန့်ကျင်ဘက်သဘော ညီညွတ်ခြင်းမရှိသည့်သဘောကို ဖော်ပြလျက်ရှိ၏။ ဖားများသည် တစ်ကောင်နှင့်တစ်ကောင် မျက်နှာချင်းဆိုင်၍ အချင်းချင်းရန်စောင်သည့်အခြေအနေကို ဖော်ညွှန်းထားခြင်း၊ အချင်းချင်းချစ်ခြင်းမေတ္တာခေါင်းပါးလာခြင်း အတိတ်နိမိတ်များကို ဖော်ပြလျက်ရှိနေပါသည်။ စည်းလုံးညီညွတ်မှုမရှိတော့သောအချိန်တွင် မကောင်းဆိုးဝါးကို ကိုယ်စားပြုသော ဆင်ကြီးများ လာရောက်ဖျက်ဆီးရန် ဦးတည်လာသည်ကိုလည်းတွေ့ရ၏။ ဖားစည်၏ မျက်နှာအဝိုင်းပေါ်တွင် မကောင်းဆိုးဝါးကို ကိုယ်စားပြုသည့် ဆင်ကြီးလေးကောင်သည် နေရာယူထားကြကြောင်း ဖော်ညွှန်းထားပါသည်။

သတ္တမမြောက်ဖားစည်၏ မျက်နှာအဝိုင်းပေါ်၌ကား ဖားများလုံးဝပျောက်ကွယ်သွားပြီး မကောင်းဆိုးဝါးကို ကိုယ်စားပြုသော ဆင်ကြီးလေးကောင်က သဘောရှိမင်းမူနေကြသည်ကို တွေ့ရှိရပါသည်။

ကရင်ရိုးရာဖားစည်

မန်းလင်းမြတ်ကျော် ရေးသားပြုစုသည့် ကရင်ရိုးရာသုတပဒေသာ။
မန်းသင့်နောင် ကော့ဂရိတ်နှင့် ဖူးတောဦး(သရာဘူးမူး)။

အပိုင်း(၂)

ထားဝယ်ရိုးရာတူရိယာများ

အိုးစယ် (အိုးစည်)

မိဂျောန်း (မိကျောင်းတူရိယာ)

ပ္လေ (ပလ္လေ)

ခြမ်းခြမ်း (လင်းကွင်း)

မောန်း(မောင်း)

ဝါးလတ်ခေါက်(ဝါးလက်ခုပ်)

ယော(တယော)

ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)။

အပိုင်း(၃)

မွန်ရိုးရာတူရိယာများ

မွန်လူမျိုးတို့သည် ရှေးအခါကတည်းက မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ရပ်တည်ခဲ့ကြသည်။ ယဉ်ကျေးမှုအနုပညာ၊ ဂီတနှင့် အကတွင်လည်း မိမိတို့ဟန်၊ မိမိတို့၏တူရိယာဖြင့် ထင်ရှားခဲ့သည်။

အေဒီ ၅၀၀ခန့်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယ၊ သီဟိုဠ်(သီရိလင်္ကာ) စသည့် နိုင်ငံတို့နှင့်လည်း ဆက်သွယ်မှုများရှိခဲ့ပြီး ယဉ်ကျေးမှုချင်းဖလှယ်ခဲ့ကြသည်။ မွန်လူမျိုးတို့တွင် တူရိယာပစ္စည်းအမျိုးမျိုးနှင့် ကနည်းကဟန်အမျိုးမျိုးတို့ ရှိကြသည်။ ထို့ပြင် ရှေးမွန်သီချင်းအမျိုးမျိုးလည်းရှိသည်။ မွန်အမျိုးသားတို့၏ တူရိယာများမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့နည်းတူ တူရိယာ(၅)မျိုးကိုပင် အခြေခံသည်။ မွန်တို့၏တူရိယာ ငါးမျိုးမှာ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တို့ပင်ဖြစ်သည်။

၁။ ကြိုးတပ်တူရိယာတွင် ထနခေါ် မိကျောင်းစောင်း၊ ထောင်တယော၊ မိကျောင်းစသည်တို့ (၃)မျိုးပါဝင်သည်။

၂။ ကြေးတူရိယာတွင် လင်းကွင်း၊ ကြေးပတ္တလား၊ စည်း၊ လဆန်းမောင်း(လခြမ်း)၊ မောင်းဆိုင်း (၅)မျိုးပါဝင်သည်။

၃။ သားရေတူရိယာတွင် ပတ်ဝိုင်း၊ ပတ်မ၊ တက်စည်၊ မရိုးစည်၊ ဖားစည်၊ အိုးစည် သို့မဟုတ် စည်ပုတ်တို့ (၆)မျိုးပါဝင်သည်။

၄။ လေတူရိယာတွင် နဲ၊ ပြွေ၊ ညှင်း၊ ခရုသင်း၊ ခရာကောက်၊ တြွီမာတို့ (၆)မျိုးပါဝင်သည်။ အမှတ်စဉ်(၁) မှ (၄)အထိ (၂၀)မျိုးပါရှိသည်။

၅။ လက်ခုပ်ကား လက်ခုပ်၊ ဝါးလက်ခုပ်၊ တုံး စသည်တို့ပါဝင်သည်။

ထို့ပြင် မွန်အမျိုးသားတို့ အသုံးပြုသော တူရိယာသံခုနစ်မျိုးရှိသည်။ ယင်း(၇)မျိုးတို့မှာ-

(၁) မဏ္ဍိမ (ကြိုးကြာသံ)

(၂) ဂန္ဓာရ (ဆိတ်မည်သံ)

(၃) ဥသဘ (နွားလားဥသဘအသံ)

(၄) ပဉ္စမ (ဥသြတွန်သံ)

(၅) ဆဇ္ဇ (ဥဒေါင်းတွန်သံ)

(၆) ဓေဝတ (မြင်းဟီသံ)

(၇) နိသာဒ (ဆင်အော်သံ) တို့ဖြစ်ကြသည်။

သီဆိုတီးမှုတ်သောအသံစဉ်မှာ (၇)ပါးရှိပြီး ယင်း(၇)ပါးကို အကြီး၊ အလတ်၊ အငယ်၊ အနိမ့်အမြင့်အားဖြင့် သံစဉ်(၂၁)မျိုးရှိသည်။

အင်းဝခေတ်မင်းများလက်ထက် မင်းခမ်းမင်းနားသဘင်များ ဆင်ယင်ရာ၌ ပါဝင်တီးမှုတ်ကြသည့် မြန်မာတူရိယာထဲ၌ မွန်နဲ့ဟုခေါ်သော နဲ့တစ်မျိုး အစဉ်ထည့်သွင်းတီးမှုတ်လေ့ရှိကြောင်း ပျို့ကဗျာများ၌ တွေ့ရှိရခြင်း၊ သက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် ကျောက်တော်ကြီးဘုရားကို ဖူးမျှော်ရန်ထွက်တော်မူလာပုံ၊ ဆေးရေးပုံ ပုရပိုက်တစ်ဆူ၌ မြန်မာ့ဆိုင်းဝိုင်းတူရိယာများထဲ၌ မွန်တူရိယာဖြစ်သော လဆန်းမောင်း(လခြမ်း)တူရိယာကို တွေ့ရှိရခြင်းစသည့်အချက်များကို အထင်အရှားတွေ့ရှိရသည်။ ထိုခေတ်အခါက ဗမာလူမျိုးများနှင့် မွန်လူမျိုးများတို့သည် ပန်တျာအတီးအမှုတ်ပညာရပ်များကို တစ်ဦးထံမှတစ်ဦးနည်းယူလက်ခံတီးမှုတ်သီဆိုခဲ့ကြပေသည်။

- တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(မွန်) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ။
- နိုင်ထောပိုင်၏ ဂီတတူရိယာမှတ်စု။

မွန်လူမျိုးတို့၏ တူရိယာပစ္စည်းများ

မိကျောင်းစောင်းတူရိယာ

ထောင်တယောတူရိယာ

မိကျောင်းတူရိယာ

လင်းကွင်းတူရိယာ

စည်းတူရိယာ

မွန်လူမျိုးတို့၏ တူရိယာပစ္စည်းများ

သံပတ္တလားတူရိယာ

ဝါးပတ္တလားတူရိယာ

လဆန်းမောင်းတူရိယာ

ပတ်ဝိုင်း၊ ပတ်မတူရိယာ

အပိုင်း(၄)

ရခိုင်ရိုးရာတူရိယာများ

မေကြီးသျှင် စုစည်းတင်ပြသည်

ရခိုင်ရိုးရာတူရိယာများနှင့်ပတ်သက်၍ ဓညဝတီခေတ်တွင် မဟာမုနိဘုရားကိုယ်စားတော်ကို သွန်းလုပ်စဉ် စည်၊ စောင်း၊ ညှင်း စသည့် တူရိယာများကို တီးမှုတ်၍ ၇ ရက်လုံးလုံး သီဆိုကခုန်ခြင်းတို့ကို ကျင်းပပြုလုပ်ခဲ့သည်ဟု မှတ်တမ်းများတွင် တွေ့ရပါသည်။ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်အဆက်ဆက် ဓမ္မသဘင်များ၊ ဘုရင်မင်းတို့၏ ဘိသိက်ခံပွဲများ၊ ရိုးရာဓလေ့ထုံးစံများ ကျင်းပသည့် ပွဲလမ်းသဘင်များ၊ ဗုဒ္ဓဘာသာအမွေအနှစ် ဘုရားပုထိုးများကို ချီးမြှောက်ပူဇော်ပွဲများတွင် တူရိယာသံစုံတီး၍ သီဆိုကခုန် ပျော်ရွှင်ခဲ့ကြသည် ဟု သိရပါသည်။ တူရိယာအသုံးပြုပုံများကို မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးရှိ ရုပ်လုံးရုပ်ကြွများ၊ အံတော်သိမ်၊ ဗေါဓိရွှေကူ၊ ရှင်ကျော်ဘုရားပလ္လင်၊ ညီမတော်စေတီပလ္လင်၊ ပိန္နဲတောင်မြို့ ဦးခေါင်းဘုရားပလ္လင်၊ တပင်တိုင်မှ ပြောင်းရွှေ့လာသော ယခုမင်္ဂလာမါရ်အောင်ဘုရားပလ္လင်တို့တွင် တူရိယာမျိုးစုံတီးနေကြသော ရုပ်ကြွများကို တွေ့ရသည်။

ဘိုးတော်ဘုရားလက်ထက် ရခိုင်မှယူဆောင်သွားသော ရခိုင်တူရိယာများအကြောင်းနှင့်ပတ်သက်၍ ရာဇဝင်လင်္ကာ၌ ဤသို့ဖွဲ့နွဲ့ထားသည်ကို ဖတ်ရှုရပြန်ပါသည် -

> "သာကြေညှင်းညှင်း၊ အေးသီခြင်းနှင့် ညံ့နုသာခြင်း၊ စောင်းနှင့်ညှင်းလျှင်၊ သံချင်းနှောပြား၊ ပတ္တလားက မခြားတူထ၊ တရောစသည် ခေါ်ထနာမ၊ သူသီရန့ှင် ပဉ္စမည်သာ၊ ဒူရိယာက၊ ခရာတန်ကောက်၊ နွဲပြေမြောက်၍၊ အစောက်ရှည်ပြား၊ ပန်းတျားနှင့် ပန်းတျားပတ်ဝန်း၊ ပတ်ဆိုင်းထန်းဖြင့်၊ ကြိုးတန်းလျှောက်သွား၊ ကခြေများနှင့် တီးပြား ရိုက်မည်၊ စည်ငါးမည်တည်း" ။

ရခိုင်တူရိယာအမျိုးမျိုး

ရခိုင်လူမျိုးများအသုံးပြုသော တူရိယာအမျိုးမျိုးကို စီစစ်ကြည့်လျှင်

၁။ တဖက်ပိတ်စည်	၂။ နှစ်ဖက်ပိတ်စည်	၃။ ဒုံမင်း	၄။ ဖုံရှည်
၅။ ပန်းတလျား	၆။ ပန်းတျား	၇။ ပတ်ဝန်း	၈။ ပတ်ဆိုင်း
၉။ ဘော	၁၀။ ပြေရှည်	၁၁။ ခင်ပလွီ	၁၂။ တောင်ပြွီ
၁၃။ ခြီခေါင်း	၁၄။ နွဲ	၁၅။ ခရာမြှော	၁၆။ ခရာကောက်
၁၇။ လက်တံရှည်	၁၈။ ညှင်း	၁၉။ ပတ်သာ	၂၀။ ကြေးနင်း

၂၁။ စည်းခုတ် ၂၂။ သံလွင်စည် ၂၃။ ခရုသင်း ၂၄။ ပတ္တလား
၂၅။ တိုက်မောင်း ၂၆။ မီးကျောင်းပတ္တလား ၂၇။ တယော ၂၈။ စောင်း
၂၉။ ခွက်ခွင်း ၃၀။ လင်းကွင်းဟူလ် ၃၁။ မာလခွံတယော
ဟူ၍ တွေ့ရပါသည်။

ရခိုင်စည်အမျိုးမျိုး

ဒွါရာဝတီခေတ်က ဝါသုဒေဝမင်းဆက်တို့ သမုဒ္ဒရာတွင် ရေကစားကြစဉ် ဆယ်ယူ ရရှိခဲ့သော ကြီးမားသည့် ဂဏန်းခွံကို စဉ်ကြတ်၍ တီးခဲ့သည်ကို တက္ကဋ္ဌစည်ဟုခေါ်ကြောင်း သိရပါသည်။ တက္ကဋ္ဌစည်ကို တီးသောအခါ "ဒိန်ဒိ"ဟု အသံထွက်၍ ဒိန်ဒိစည်ဟူ၍လည်း ခေါ်သည်။ စည်သံကိုကြားရသော မင်းချင်းအပေါင်းတို့သည် ရိုသေလေးစားဦးညွှတ်ကြရ၍ "လမ္ဘရာစည်"ဟူ၍လည်း ခေါ်တွင်သည်။ ဤစည်သည် ရခိုင်လူ့ဘောင်အဖွဲ့အစည်းတွင် ပထမဦးဆုံး ပေါ်ပေါက်လာသော တူရိယာဖြစ်သည်။

စည်နှင့်ပတ်သက်၍ ဗျုဟစက္ကီကျမ်းတွင် စည်လုပ်ပုံကိုလည်းကောင်း တွေ့ရပါသည်။ မင်္ဂလာစည်တီးရာတွင် အခြင်းခေါ်တီးပုံ ဘုရင်မင်းတို့ ညီလာခံမှာတီးသည့်သာခြင်း၊ စစ်စည် (သို့မဟုတ်)တိုက်စည်၊ စိုက်စည်၊ ရိုးရိုးတီး၊ လမ်းလျှောက်တီးစသည်ဖြင့် ရှိကြသည်ဟု သိရပါသည်။ စည်ကို ပိတောက်သစ်သားပြုလုပ်၍ တစ်ဖက်တွင် နွားသားရေနှင့်ကြက်ပြီး၊ တစ်ဖက်တွင် ဆိတ်သားရေဖြင့်ကြက်ရသည်။ ဆိတ်သားရေကြက်သည့် ဘက်ကို "စောင်" ဖက်ဟု ခေါ်ပြီး နွားသားရေကြက်သည့်ဘက်ကို "ဗြိန်း"ဖက်ဟု ခေါ်ပါသည်။

ပန်းတျားမှာ သမက်တက်ပန်းတျားနှင့် နတ်ပန်းတျားဟူ၍ နှစ်မျိုးရှိသည်။ ပန်းတျားကိုလည်း နွားသားရေ(သို့မဟုတ်)ဆိတ်သားရေဖြင့် ကြက်ရသည်။ သမက်တက်ပန်းတျားများ၏ တီးကွက်မှာ ဇမ္ဗူသပြေရွက် လေခတ်သံနှင့် လှုပ်ရှားသံမျိုးဖြင့် တီးခတ်ရသည်။ ရခိုင်စာဆိုတော် ဥဂ္ဂါပျံ၏ ၁၂ ရာသီချင်းတွင် ကခြီမှု၊ ပတ္တလား၊ စောင်းညှင်း၊ ပ္ပြီသား တူရိယာသည် လူ့ရွာသဘင်များနှင့် ပတ္တလားတူရိယာကို ရေးစပ်ခဲ့သည်။

ဤတက္ကဋ္ဌစည်ကြီးတစ်လုံးကို အခြေခံပြီး အောက်ပါစည်ငါးမျိုးကို တီထွင်ကြံဆ ဖော်ထုတ်တီးခတ်လာကြသည် -

(၁) အချိန်နာရီအလိုက် တီးခတ်ရန် နာရီစည် သို့မဟုတ် **ဗဟိုရ်စည်၊**

(၂) မင်္ဂလာရှိသော အချိန်အခါပွဲလမ်းသဘင် အခမ်းအနားများတွင် တီးခတ်ရန် **မင်္ဂလာစည်၊**

(၃) ဘုရင်မင်းမြတ်ထွက်တော်မူသောအခါ တီးခတ်သည့် **ထွက်စည်၊**

(၄) စစ်ချီ၊ စစ်တက်သောအခါတွင်လည်းကောင်း၊ ကျင်ကိုင်ရာတွင်လည်းကောင်း၊ သွေးမြောက်အောင် တီးခတ်ရန် **မြှောက်စည်**၊

(၅) မိမိအိမ်သို့ အလည်အပတ်လာရောက်သည့် ဧည့်သည်တို့ကို ကြိုဆိုရာတွင် တီးသော **အိမ်သျှင်စည်**

တို့ဖြစ်ကြသည်။

ဤစည် ၅ မျိုးကို အခြေခံပြီး အတို အရှည်၊ အသံ အနိမ့် အမြင့် အတက်အကျကို လိုက်၍ စည်တစ်မျိုးစီကို ၅ မျိုးကျစီ ပွားလိုက်သဖြင့် စည်မျိုး ၂၅ မျိုး ရှိခဲ့သည်ဟု သိရသည်။

ဤစည်မျိုးများထဲမှ တစ်ဖန် သုမင်္ဂလာတွင် တီးရန်စည်၊ အမင်္ဂလာတွင် တီးရန်စည် ဟူ၍လည်း ခွဲခြားကြပြန်သည်။

ထိုစည်မျိုးလေးပါးကို တဖန် အောက်ပါအတိုင်း ခွဲခြားကြပြန်သည်။ ၄င်းတို့မှာ -

(၁) **တဖက်ပိတ်သောစည်**

(ဥပမာ - အိုးစည်)

(၂) **နှစ်ဖက်ပိတ်သောစည်**

(ဥပမာ - ဗုံတို၊ ဗုံရှည်၊ စိုင်၊ ထွက်စည်၊ ဝင်စည်၊ ဗဟိုရ်စည်၊ နာရီစည်၊ ဗုံ၊ ဗုံသာ၊ ပတ်၊ ပတ်မ၊ ပတ်သာ၊ ပန်းကျင်း၊ ပန်းကျား)

(၃) **အလုံးစုံပိတ်သောစည်**

(ဥပမာ - သံစည်(ကြေးစည်)မောင်း၊ ခေါင်းလောင်း၊ လင်းခွင်း၊ ခွက်ခွင်း၊ ပတ္တလား၊ ဧရာမကြေးစည် ကြီး၊ ဟင်းရာ)

(၄) **စည်ခေါင်း**

(ဥပမာ - နဲ၊ ပ္ပြီ၊ တောင်ပ္ပြီ၊ ပလွေ၊ ခရာ၊ သော၊ ပတိုး၊ ခရုသင်း၊ ညှင်း)

တို့ဖြစ်ကြသည်။

ဒူရိယာဆိုသည်မှာ "တူရိယာ" "တရီးယား"ဆိုသော သက္ကဋ္ဌဘာသာမှ ဆင်းသက်လာသည်ဟု သိရသည်။ အသံကိုဖမ်း၍ ဖြစ်ပေါ်လာသော ပစ္စည်းဟူ၍ အဓိပ္ပါယ်ရသည်။ တူရိယာတီထွင်သူတို့သည် ရေကျသံ၊ လှိုင်းအူသံ၊ လေမှုတ်သံ၊ ရွက်ခတ်သံ၊ သစ်ရွက်ကြွေသံ၊

ကျေးဇူးတင်မြည်သံ၊ လေတိုက်သံစသည့်အသံများကို အတုယူပြီး တူရိယာများကို တီထွင်ကာ တီးမှုတ်သီဆို ကခုန်ခဲ့ကြသည်ကို သိရပါသည်။

တူရိယာ ၅ ပါး

တူရိယာ ၅ ပါး ရှိသည်။ ၄င်းတို့မှာ - ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ် တို့ဖြစ်ကြပါသည်။

(၁) **ကြေး** ။ ။ ကြေးဖြင့်ပြုလုပ်သော တူရိယာကိုဆိုလိုပါသည်။

ဥပမာ- မောင်း၊ လင်းခွင်၊ သံစည်(ကြေးစည်)၊ ခေါင်းလောင်း၊ စည်း၊ ခြူး၊ ဆွဲလဲ၊ ဆောင်း၊ ခြေချင်း၊ ခွက်ခွင်း၊ ပတ္တလား

(၂) **ကြိုး** ။ ။ လျှော်ကြိုး၊ ပိုးကြိုး၊ ဝါကွမ်းကြိုး၊ ကြေးကြိုး၊ သံကြိုး စသည်တို့ဖြင့် တပ်ဆင်တီးခတ်ရသော တူရိယာဖြစ်သည်။

ဥပမာ- တယော၊ အုန်းမှုတ်တယော၊ ဒူးပေါင်း၊ စောင်းကောက်၊ စောင်း၊ ပျစောင်း၊ မိကျောင်း၊ စောင်း

(၃) **သရေ** ။ ။ ကျွဲသားရေ၊ နွားသားရေ၊ ဆိတ်သားရေစသည့် သားကောင် သားရေများဖြင့် ကြက်လုပ်၍ တီးခတ်ရသော တူရိယာဖြစ်သည်။

ဥပမာ- စည်မျိုး(၂၅)မျိုးအပါအဝင်၊ မင်္ဂလာစည်၊ ဗုံတို၊ ဗုံရှည်၊ စိုင်း၊ ထွက်စည်၊ ဝင်စည်၊ ဗဟိုရ် စည်၊ နာရီစည်၊ ဗုံ၊ ဗုံသာ၊ ပတ်၊ ပတ်မ၊ ပတ်သာ၊ တိုးစည်၊ ဗျောစည်၊ မရိုးစည်၊ တိုက်စည်၊ မြောက်စည်၊ ကျင်စည်၊ စည်ကြီး၊ စွန်းစည်၊ စည်ဟုတ်၊ ပန်းကျား၊ ပန်းကျင်း၊ ဒပ္ပါ စသည်တို့ဖြစ်ကြပါသည်။

(၄) **လေ** ။ ။ လေဖြင့်မှုတ်သော တူရိယာဖြစ်သည်။

ဥပမာ- နှဲ၊ ပ္ပြီ၊ ပလွေ၊ ခရာကောက်၊ ခရာ၊ ခရာခွါ၊ လက်တံတို၊ လက်တံရှည်၊ ခြီခေါင်း၊ ဘော၊ ခရုသင်း၊ ရွက်လိပ်၊ ညှင်း။

(၅) **လက်ခုပ်**။ ။ လက်ခုပ်၊ လက်ဝါး တစ်ခုနှင့်တစ်ခုကို အသံမြည်အောင် တီးခတ်သည့် တူရိယာ။

ဥပမာ- ဝါးလက်ခုပ်၊ လက်ဖြောက်လက်ခုပ်၊ ကျောက်လက်ခုပ်၊ သစ်သားလက်ခုပ် စသည်တို့ ဖြစ်ကြသည်။

ရခိုင်ရှေးဟောင်းပြေ(ပ္ပြီ)ငါးမျိုး

ရခိုင်ပ္ပြီသံသည် နန်းတော်တစ်ဝိုက်၌သာ ပျံ့နှံ့ခဲ့သည်မဟုတ်၊ လယ်သမား၊ နွားကျောင်းသားများ၏ လုပ်ငန်းခွင်၊ တဲကုပ်များ၊ ပတ်ဝန်းကျင်တွင်လည်း ပျံ့နှံ့ခဲ့သည်။ ကာလသား၊ လူပျိုတို့ ချစ်တေးသီရာတွင် မပါမပြီးသော လက်စွဲတော်အဖြစ်လည်း ထာဝစဉ်အမှုထမ်းခဲ့သည်။ သာတောင့်သာယာနှင့် တကျော်ကျော်လွင်နေသော ရခိုင်ပ္ပြီသံကို ကျေးလက်တောရွာများတွင် ယနေ့တိုင်ကြားနိုင်ပါသေးသည်။ ရှေးဟောင်း ရခိုင်သာခြင်းတစ်ပိုဒ်တွင် "အသူမှုတ်တေ လင်လှုပ်ကေ ပုလ္ပီ ငရို့မောင်မောင် လက်မှုတ်တေ၊ လင်လှုပ်ကေပုလ္ပီ၊ ဝါးပုလ္ပီကျာကျာမှုတ်တွေ ကျောင်းဒေါင့်က" ဟူ၍ ပုလ္ပီ(ပ္ပြီ)မှုတ်ခြင်းအကြောင်းနှင့်ပတ်သက်၍ ဖွဲ့ဆိုခဲ့ကြကြောင်း တွေ့ရှိရပေသည်။

ရခိုင်ပ္ပြီမျိုးများမှာ - (၁) တောင်ပ္ပြီ (၂) ပ္ပြီခေါင်း(ခေါ်)ဗြောင့်တောင် (၃) ပ္ပြီပြား (၄) စံညင်းပ္ပြီ (ခေါ်) သံညှင်းပ္ပြီ (ခေါ်) အသီးပ္ပြီ နှင့် (၅) တွာပ္ပြီ ဟူ၍ ငါးမျိုးရှိပါသည်။

(၁) **တောင်ပ္ပြီ ။** ။ အလျားတစ်တောင်ရှိသည်။ လေတားကို ဖယောင်းအဆို့ဖြင့် ပြုလုပ်ရသည်။ အိုးစည်ဝိုင်းနှင့် အခြားတီးဝိုင်းများတွင် တွဲသုံးလေ့ရှိသည်။ ပ္ပြီလေးလုံး၊ ငါးလုံး၊ ခုနစ်လုံးစီ တွဲသုံးလေ့ရှိသည်။ စောင်းညှင်းပတ်သာတူရိယာစုံနှင့် တွဲမှုတ်လေ့ရှိသည်။ သာခြင်းဆိုရာတွင် အသုံးများသည်၊ တောင်ပ္ပြီပြုလုပ်ပုံ ပြုလုပ်နည်းမှာလည်း အတိုင်းအထွာ အချိုးအစား စနစ်တကျရှိရသည်။ တောင်ပ္ပြီပြုလုပ်ရာတွင် ဝါးရှေ့(ခေါ်)ဝါးနွယ်အမျိုးအစား ဝါးတစ်မျိုးမျိုးကို အသုံးပြုရသည်။ ယင်းဝါးမျိုးမှာ အလွန်ရှားပြီး နဂိုအရောင်မှာ သစ်ရောင်သုတ်ထားသကဲ့သို့ရှိသည်။ လုံးပတ်မှာ ငါးမူးလုံးခန့်ရှိသည်။ ဝါး၏ အလယ်ဗဟိုမှ ဝါးတစ်ပတ်အကွာအဝေးတွင် ပထမအပေါက်ကိုစ၍ ဖောက်ရသည်၊ ပ္ပြီတစ်ပေါက်နှင့် တစ်ပေါက် အကွာအဝေးမှာ ဝါးလုံးတစ်ပတ်၏ နှစ်ချိုးတစ်ချိုးရှိရသည်။ အပေါက်ခြောက်ပေါက်တန်း၍ ဖောက်ရသည်။ နောက်ဆုံးအပေါက်နှင့် ပ္ပြီအဖျားစွန်း အကွာအဝေးသည် ဝါးလုံးတစ်ပတ်သို့မဟုတ် လက်လေးလုံးခန့်ရှိရသည်။ ပထမဆုံးပ္ပြီပေါက်မှ ဝါးတစ်ပတ်၏နှစ်ဆ အကွာတွင် အချင်း၏နှစ်ပိုင်းတစ်ပိုင်းရှိ ဖယောင်းပေါက်(လေတားအပေါက်)ကို ဖောက်ရသည်။ ပ္ပြီ၏ အရင်းစွန်းသည် ဖယောင်းပေါက်မှ ဝါးလုံးတစ်ပတ်၏ နှစ်ဆ အကွာအဝေးရှိရသည်။ ဤတောင်ပ္ပြီမျိုးကို ယခုအခါ မြောက်ဦးမြို့နှင့် ရခိုင်ပြည်နယ် အနှံ့ မှုတ်လေ့မှုတ်ထရှိသေးကြောင်း တွေ့ရှိရပါသည်။

(၂) **ပ္ဍိခေါင်း(ခေါ်)ဗြောင့်တောင် ။** ။ ဖယောင်းအဆို့မပါဘဲ နှုတ်ခမ်းဖြင့် လေကို ချိန်၍ မှုတ်ရသော ပ္ဍိမျိုးဖြစ်သည်။ ဘွဲ့၊ ရတု၊ ရကန်သီဆိုရာတွင်သုံးသည်။ အပေါက်ခြောက်ပေါက်ပါသည်။ တစ်ခါတစ်ခါ တောင်ပ္ဍိနှင့်လည်း တွဲသုံးသည်။

(၃) **ပ္ဍိပြား ။** ။ သစ်သားအဆို့နှင့် ကုလားပ္ဍိကဲ့သို့ အရင်းမှပြားနေသော ပ္ဍိမျိုးဖြစ်သည်။ ခြောက်ပေါက်ရှိသည်။ ဇချင်းဆိုရာတွင် သုံးလေ့သုံးထရှိသည်။ ရှေးယခင်မင်းများ လက်ထက်ကဆိုလျှင် ဘိသိတ်မင်္ဂလာပွဲ၊ ဂုဏ်ပြုပွဲများတွင်လည်း သုံးလေ့ရှိခဲ့ကြသည်။

(၄) **စံညင်းပ္ဍိ(ခေါ်)သံညှင်းပ္ဍိ(ခေါ်)အသီးပ္ဍိ ။** ။ ဤပ္ဍိမျိုးကို အမည်အားဖြင့် သုံးမျိုးသုံးစားခေါ်ဝေါ်ကြသည်။ ဒေသအလိုက်ကွဲပြားခြင်းဖြစ်သည်။ ညှင်းဘူးဟောင်းကဲ့သို့ သိမ်းလျှာကို တပ်ဆင်၍ မှုတ်ရသောပ္ဍိမျိုးများဖြစ်၍ ၄င်းကို စံညှင်းပ္ဍိဟူ၍ ခေါ်တွင်ပါသည်။ သံညှင်းပ္ဍိ ခေါ်တွင်ခြင်းမှာ တချို့ဒေသ၌ သံခြေခေါင်းကဲ့သို့ သိမ်းလျှာကို တပ်ဆင်၍ မှုတ်သောကြောင့်ဖြစ်သည်။ အသီးပ္ဍိဟု ခေါ်ရခြင်းမှာလည်း အထက်ဖော်ပြခဲ့သော ညှင်းဘူးတောင်ဝ၊ သံခြေခေါင်းကဲ့သို့ တချို့ဒေသတွင် သိမ်းလျှာကို အသီးပ္ဍိပုံတပ်ဆင်၍ မှုတ်သောကြောင့်ဖြစ်သည်။ ဤပ္ဍိမျိုးတွင် ငွေပြားဖြင့် ပြုလုပ်သော လျှာမျိုးကိုအသုံးပြုသည်။ မှုတ်သည့်အပေါက်အရင်းဘက်မှ ပိတ်ထား၍ ဘေးအပေါက်မှ မှုတ်ရသည်။ တစ်ချို့မှာ အပေါက်ခုနှစ်ပေါက်ဖောက်သည်။ များသောအားဖြင့် ခြောက်ပေါက်ဖောက်သည်။ ဇ၊ အိုင်၊ သာခြင်း သီဆိုရာတွင် အသုံးပြုသည်။ သိမ်းလျှာတွင် ဂုံးခွံ၊ ခရုခွံများကို သွေး၍ ပွတ်ပေးရသည်။ လေလုံအောင် ပျားရည်နှင့် ထုံးကိုရော၍ ပိတ်ရသည်။ အခြားအမျိုးအစား ပ္ဍိမျိုးများနှင့်လည်း တွဲသုံးနိုင် သည်။ ဤပ္ဍိမျိုးကို တစ်ပတ်လုံးခန့်ရှိဝါးများနှင့် လုပ်လေ့လုပ်ထရှိသည်။ ဘင်္ဂလားအဝကျွန်း ဒေသတွင်မူ ယနေ့ထိ ဤပ္ဍိမျိုးကို အသုံးပြုနေသေးကြောင်း တွေ့ရှိရပါသည်။ ပ္ဍိထဲတွင် အနှုးညှံ့ဆုံးပ္ဍိတစ်မျိုးဖြစ်သည်။

(၅) **တွာပ္ဍိ ။** ။ အရှည်ဆုံးတစ်ထွာသာရှိသော တွာပ္ဍိမျိုးဖြစ်သည်။ အပေါက်သုံးပေါက်ရှိသည်။ ခုနစ်ပေါက်ရှိသည့် မြန်မာပ္ဍိအမျိုးအစားနှင့် အဆင်တူသည်။ အခြားပ္ဍိများနှင့်လည်း တွဲ၍မှုတ်နိုင်သည်။ ပ္ဍိတစ်လုံးပြုလုပ်ပြီးသောအခါ ပ္ဍိညှိသည်။ ပ္ဍိစမ်းသည် ဟူ၍ရှိသည်။ ပ္ဍိညှိရာတွင် အူသံဖြင့် ညှိခြင်း၊ ကျူသံဖြင့်ညှိခြင်း ဟူ၍ ရှိသည်။ ပ္ဍိညှိစမ်းရာတွင် အောက်ပါသာခြင်းမျိုးတို့ဖြင့် ညှိစမ်းလေ့ရှိပါသည်-

"ချောင်းတစ်ဖက်က နီသူဆွရှိ ဖြူဆွရှိဖြူ
အောက်ကိုရာဆင်းတုံ ဇာလုပ်တုံ ဇာလုပ်တုံ
ကြက်လျှောင်တုံ ကြက်လျှောင်တုံ
အောက်ကိုရာဆင်းတုံ ကြက်လျှောင်တုံ"

ခြိမ်းခြောင်း

ရခိုင်ပြည်သုံးတူရိယာတစ်မျိုးဖြစ်ပြီး ယခုအချိန်တွင် သုံးစွဲမှုနည်းပါးလေသဖြင့် သိရှိသူလည်း နည်းပါးလာသည်။ သုံးစွဲခဲ့သည့် အထောက်အထားအခိုင်အမာရအောင် ဦးစက္ကိန္ဒ နှင့် မာန်အောင်ဝီယ ရေးသားခဲ့သော "ရခိုင်ယဉ်ကျေးမှုများ"စာအုပ်မှ အောက်ပါလင်္ကာစာပုဒ်ကို တင်ပြလိုက်ပါသည်။

"စည်မျိုးငါးပါး၊ အပြားနှစ်ဆယ်၊ ဗုံရှည်ပန်းတျား၊ ပတ္တယားနှင့် ခွက်ခင်းခရုသင်း၊ ဒုံမင်းစည်ခုတ်၊ လေမှုတ်နဲ့ပြီ၊ စင်မင်းလွှီကော၊ တောင်ပြွှိုခြခေါင်း၊ တိုက်မောင်းနှင့်ညှင်း၊ ကြေးနှင့်ပဿာ၊ ခရာမ္ဘာ၊ ခရာကောက်၊ တကောက်ခရာရှည်၊ တသွယ်မီးကျောင်း၊ စောင်းနှင့်တယော၊ သံနှောပတ်ဆိုင်း၊ သံနှိုင်းသာယာ၊ ဒူရိယာလေး၊ ကြားကေမဝ၊ ဓညပြည်မှာ သာစွာ့လေ သာစွာ့လေ"

ဖော်ပြပါ လင်္ကာတွင် "ခြခေါင်း"ဟူသော တူရိယာကို တွေ့ရပါသည်။ ယင်း "ခြခေါင်း" မှ "ခြိမ်းခြောင်း" ဟူပြီး ရွှေ့ပြောင်းလာခြင်းဖြစ်ပါသည်။

ယင်းခြိမ်းခြောင်းတူရိယာကို ဘင်္ဂလားဒေ့(ရ)နိုင်ငံအတွင်းမှ ရခိုင်များနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း နေထိုင်ကြသည့် ရခိုင်များ၊ အချို့သော ချင်းခမီးများ ယနေ့တိုင် အသုံးပြုနေကြသေးသည်ကို တွေ့မြင်ရပါသည်။

ခြိမ်းခြောင်းတူရိယာတွင် -

(၁) ဝါးကိုလုပ်သော ခြိမ်းခြောင်း

(၂) သံကိုလုပ်သော ခြိမ်းခြောင်း

ဟူ၍ အမျိုးအစားနှစ်မျိုးရှိပါသည်။

(၁) ဝါးဖြင့်ပြုလုပ်သောခြိမ်းခြောင်းလုပ်ပုံလုပ်နည်း

ခြိမ်းခြောင်းဟူသော တူရိယာကိုလုပ်သော "ဝါး"အမျိုးအစားမှာ များသော အားဖြင့် "မဒေးဝါး"နှင့် "တရဂူဝါး" ဖြစ်ပါသည်။ "ခယံဝါး" ကို အသံမညီမျှ၍ လုပ်ရိုးလုပ်စဉ်မရှိပေ။

ဝါးကိုအလျား ၅လက်မ အနံ ၁လက်မ၏ နှစ်ပုံတစ်ပုံ၊ ထု ၁ လက်မ၏ ဆယ်ပုံတစ်ပုံထား၍ ညီစွာပြုလုပ်ရသည်။ ဝါးအရင်းမှ တစ်လက်မ၏ ဆယ်ပုံနှစ်ပုံ၊ ဝါးအဖျားမှ တစ်လက်မ၏ နှစ်ပုံတစ်ပုံ ချန်ထားပြီးလျှင် အလယ်၌ရှိသော ဝါးအသားများတွင် အနံတစ်ဖက်တစ်ချက်စီမှ "အနား"အဖြစ် တစ်လက်မ၏ ဆယ်ပုံတစ်ပုံစီ

ထားရသည်။ ယင်း၏ အလယ်၌ရှိသော ဝါးအသားထဲမှ အလယ်တည့်တည့်မှ "ထု"၏ နှစ်ပုံတစ်ပုံခန့် ဝါးအသားတစ်မျှင်ကို ဗဟိုပြု၍ ချန်ထားရသည်။ ထိုအလယ်ဗဟိုမှ ချန်ထားသော ဝါးအသားများကိုဖယ်၍ ကျန်သော ဝါးအသားများကို ထက်မြက်သော ဓားဖြင့် အသာအယာလှီးထုတ်ရသည်။ ထိုအလယ်ဗဟိုမှ ချိန်ထားသော ဝါးမျှင်ကိုလဲ၊ ထိုဝါးမျှင်၏ သုံးပုံတစ်ပုံတိုင်းပြီးလျှင် အဖျားမှတစ်ပုံ ဖြတ်လိုက်ရသည်။ ကျန်သော နှစ်ပုံကို အရင်းမှမပြတ်စေဘဲ ညီအောင်ထက်မြက်သောဓားဖြင့် ပြုလုပ်ရသည်။ ထိုဝါးမျှင်ကို နောက်ခံအိမ်ဖြစ်သော ဝါးသားများနှင့်လည်း မကပ်စေရ၊ ထိုဝါးမျှင်၏ အောက်မှကပ်၍ ကျန်နေသော ဝါးသားများကို ဓားဖြင့်အဆက်ပြတ်အောင် ထွင်းထုတ်လိုက်ရသည်။ အဖျားမှချန်ထားသော တစ်လက်မ၏ နှစ်ပုံတစ်ပုံဝါးစွန်းကို အလယ်မှ အထစ်ကလေးထစ်၍ တစ်ဖက်မှ အပ်ချည်သုံးပင် ပေါင်းချည်မျှင်၏ တစ်ထွာလောက်ကို ကျစ်၍ ထိုအထစ်၌ ချည်ရသည်။

ဝါးခြိမ်းခြောင်းကို တီးပုံတီးနည်း

(က) ထိုဝါးခြိမ်းခြောင်း၏ အရင်းကို လက်မတစ်ဖက်ဖြင့် ဒေါင်လိုက်ကိုင်၍ အလယ်မှ ဒေါင်ကို ဝါးခြမ်းတစ်ဖက်တစ်ချက်ဖြင့် ညှပ်ထားရသည်။

(ခ) အဖျားမှကြိုးကို ကျန်လက်တစ်ဖက်ဖြင့် ကိုင်၍ ဆောင့်ဆွဲရသည်။

(ဂ) ကြိုးကို ဆောင့်ဆွဲသောအခါ အလယ်ဗဟို ဝါးမျှင်လေးမှ သိမ့်မွေ့သော ဂီတသံသည် ညှင်သာစွာထွက်ပေါ်လာပါသည်။

(ဃ) ထိုသိမ်မွေ့ညှင်သာသော ဂီတ၏အသံမှ တီးလိုက်သော သာခြင်းကို "လျှာဖျား" ဖြင့် ဖော်ထုတ်ယူရသည်။

(၂) သံဖြင့်ပြုလုပ်သော ခြိမ်းခြောင်း လုပ်ပုံလုပ်နည်း

ဝါးခြိမ်းခြောင်းကို လုပ်ပုံနှင့်မတူဘဲ တစ်မျိုးကွဲပြားသည်ကို တွေ့မြင်ရသည်။

ဖဲထီးသံလေးမြှောင့် ငါးလက်မခန့် တစ်ပိုင်းကို မီးနှင့်နီရဲအောင်ဖုတ်ပြီးလျှင် အစတစ်ဖက်မှ တစ်လက်မခန့်စီ ချန်ထား၍ ကျန်သော သုံးလက်မကို ဝိုင်းစက်အောင် ပြုလုပ်ရသည်။ ဝိုင်းအောင်လုပ်ရာတွင် လုံးဝစေ့အောင်မလုပ်ဘဲ အဝအဖြစ် တစ်လက်မ၏ နှစ်ပုံတစ်ပုံခန့် ခြားထားရသည်။ ထိုအစတစ်ဖက်မှ တစ်လက်မခန့်စီ ချန်ထားသော ဖဲထီးသံကို ရှေ့သို့ဖြောင့်တန်းနေအောင်ထားရသည်။

ထိုဝိုင်းထားသော ဖဲထီးသံဝိုင်း၏ အလယ်ဖက်တည့်တည့်မှ အထစ်တထစ်ပြီးလျှင် "အခြင်"ဟုခေါ်သော "အနံ"တစ်လက်မ၏ ဆယ်ပုံတစ်ပုံအပြားရှိသော သံပြားကို အဝိုင်းစ၏ ဖင်တည့်တည့်မှ ထစ်ထားသောအထစ်၌ ခိုင်မြဲအောင်တပ်ဆင်ရသည်။

၄င်း"အခြင်" ဟုခေါ်သော အပိုင်း၏အောက်ခြေမှ တပ်ထားသော သံပြားကို ဖြောင့်၍ထားသော သံလုံးနှစ်ချောင်း၏ ကြားအလယ်တည့်တည့်မှယူပြီးလျှင် ထိုဖြောင့်နေသော သံလုံးဖျားနှင့်တည့်တည့်နေရာမှ အထက်သို့တစ်တန် ကောက်တင်ရပါသည်။ ထိုကောက်တင်သောအဖျားကို တစ်လက်မ၏ ဆယ်ပုံနှစ်ပုံခန့်ထားရသည်။

ထိုအခြင်ဟုခေါ်သော လက်တံတစ်မျိုး၏ လုပ်ပုံမှာ အရင်းမှတစ်လက်မ၏ ဆယ်ပုံတစ်ပုံထား၍ အဖျားသို့ တဆင့်ပြီးတဆင့် ငယ်သည်ထက်ငယ်အောင် ပြုလုပ်ရသည်။ "ထု"ကို "အခြင်အနံ"၏ နှစ်ပုံတစ်ပုံခန့်ထားရသည်။ သံခြိမ်းခြောင်းတီးပုံသည် ဝါးခြိမ်းခြောင်းတီးပုံနှင့် အလုံးစုံတူသလိုလိုနှင့် အနည်းငယ်ကွဲလွဲမှုရှိပါသည်။

သံခြိမ်းခြောင်းကိုတီးပုံတီးနည်း

(က) ထိုသံခြိမ်းခြောင်းစ၏ အပိုင်းကိုဒေါင်လိုက် လက်တစ်ဖက်ဖြင့်ကိုင်၍ ရှေ့ကတစ်လက်မဖြောင့်တန်းထားသော ထိုသံချောင်းနှစ်ချောင်းကို ဒေါင်လိုက်ဝါးခြိမ်းတစ်ဖက်တချက်ဖြင့် သာယာစွာညှပ်ထားရသည်။

(ခ) အခြင်၏ အဖျားမှ ကောက်ထားသောအကောက်ကို ကျန်လက်တစ်ဖက်၏ လက်ချောင်းနှင့် တီးခတ်ရသည်။

(ဂ) သာယာစွာထွက်ပေါ်လာသော ဂီတသံကို "လျှာဖျား"ဖြင့် တီးလုံးဖော်ယူရသည်။ ခြိမ်းခြောင်းသည် "တူရိယာ" တစ်ခုဖြစ်လင့်ကစား "လူပျို" "အပျို"လှည့်ရာ၌သာ များသောအားဖြင့် အသုံးပြုတတ်သည်ကို တွေ့ရသည်။

- ရခိုင်အလင်းပြကျမ်း (ဦးရွှေ၀ B.Sc, B.C.S) (၂၀၁၁ ခုနှစ်)။
- ရခိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ (ရခိုင်သားကြီးစာပေ) အတွဲ(၁) ၊ (၂)ပါ ဆောင်းပါးများမှ ကောက်နုတ်စုစည်းခြင်း။

ရခိုင်ရိုးရာ တူရိယာများ

Photo - Soe Thant Aung
ခွက်ခွင်း

Photo - Soe Thant Aung
ဝါးလုံးစောင်း

Photo - Soe Thant Aung
ခရုသင်း

Photo - Soe Thant Aung

ရခိုင်ရိုးရာ တူရိယာများ

Photo - Soe Thant Aung

Photo - Soe Thant Aung
ကွေးသီးပုလွေ

Photo - Soe Thant Aung
မိုးကျောင်းစောင်း

Photo - Soe Thant Aung
ပုလွေအမျိုးမျိုး

ရခိုင်ရိုးရာ တူရိယာများ



ရခိုင်ရိုးရာ တူရိယာများ

Photo - Soe Thant Aung

Photo - Soe Thant Aung
လင်းကွင်း

Photo - Soe Thant Aung

Photo - Soe Thant Aung

အပိုင်း(၅)

ပအိုဝ်းရိုးရာတူရိယာများ

၁။ ပအိုဝ်းတိုင်းရင်းသားများတွင် ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ တေးသီချင်းများ သီဆိုခြင်း၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်းတို့တွင် အသုံးပြုသည့် တူရိယာများရှိပါသည်။

၂။ ပအိုဝ်းရိုးရာဓလေ့အနေဖြင့် တီးခတ်လေ့ရှိသော တူရိယာမောင်းဆိုင်း(၃)မျိုး ရှိပါသည်။ ၎င်းတို့မှာ (၁) မောင်းမှူး (၂) ထုံမေးဆွာ (၃) ထုံထွိုင်း တို့ဖြစ်ကြသည်။

(၁) မောင်းမှူး (မောင်းကြီးဆိုင်း)

ပအိုဝ်းရိုးရာတူရိယာ မောင်းမှူး(ခေါ်)မောင်းကြီးဆိုင်းတွင် တီးခတ်၍ရသော မောင်းများအဖြစ် အကြီးဆုံးအချင်း (၂)ပေ (၂)လက်မ ရှိသော မောင်းနှင့် အသေးဆုံး အချင်း(၆)လက်မရှိသော မောင်းများ၊ အကြီး၊ အလတ်၊ အသေးအားဖြင့် ကြီးစဉ် ငယ်လိုက် မောင်း(၇)လုံးပါရှိပါသည်။ ပေါ့ပါးသော မောင်းအသေးနှင့် လင်းကွင်းကြီး၊ စည်တို့ကို ပုဂ္ဂိုလ်တစ်ဦးစီမှ တီးခတ်ကြသည်။ နှစ်ဖက်ပိတ်စည်ကိုတီးခတ်ရန် လူတစ်ဦးသာ လိုပါသည်။ ဤမောင်းကြီးဆိုင်းကို တီးခတ်ရန် လူပုဂ္ဂိုလ်(၁၀)ဦးသာ လိုပါသည်။ ပအိုဝ်းတူရိယာမောင်းမှူး(ခေါ်)မောင်းကြီးဆိုင်းတွင် ပါဝင်သော တူရိယာ ပစ္စည်းများမှာ-

(က) မောင်း (၇)လုံး

(ခ) လင်းကွင်းကြီး (၁)စုံ

(ဂ) နှစ်ဖက်ပိတ်စည်(၁)လုံး

(ဃ) စည်း(၁)စုံ တို့ဖြစ်ပါသည်။

ပအိုဝ်းရိုးရာမောင်းမှူး(မောင်းကြီးဆိုင်း)မှာ အေးချမ်းသာယာခြင်းနှင့် တည်ငြိမ်ခြင်း သန္တာရသကို ဖော်ကျူးသော ဂီတသံစဉ်တစ်ခုပင်ဖြစ်သည်။

(၂) ထုံမေးဆွာ

ပအိုဝ်းရိုးရာတူရိယာဖြစ်သော ထုံမေးဆွာ(ခေါ်)ဗုံရှည်မောင်းဆိုင်းမှာ (က)ဗုံရှည် (၁)လုံး (ခ)မောင်း(၅)လုံး (ဂ)လင်းကွင်း(၁)စုံ (ဃ)စည်း(၁)စုံ တို့ပါဝင်သည်။

ဗုံရှည်မောင်းဆိုင်းတွင် တီးခတ်သူ(၈)ဦး လိုအပ်ပါသည်။ ဗုံရှည်မှာ မိမိ ကြိုက်နှစ်သက်သလို အရွယ်အစားအမျိုးမျိုးရှိသည့် ဗုံရှည်ကိုယူ၍ တီးခတ်နိုင်ပါသည်။

ဤရိုးရာမောင်းဆိုင်းကို နရီစည်းဝါးချက် အမြန်တီးနှင့် အနှေးတီးဟူ၍ (၂)မျိုး တီးခတ်နိုင်ပါသည်။ ပျော်ရွှင်မြူးတူးခြင်း၊ တက်ကြွလန်းဆန်းခြင်းရသကို ပေးစွမ်းနိုင်သော တီးလုံးတီးကွက်၊ တီးဟန်ပင်ဖြစ်သည်။ အလှပြသိုင်းကွက်ကဟန်သည် ဤမောင်းဆိုင်းနှင့် လိုက်ဖက်သင့်တော်လှပေသည်။ ဤမောင်းဆိုင်းတွင် အမျိုးသား၊ အမျိုးသမီး၊ လူကြီးလူငယ်မရွေး တစ်ဦးချင်းဖြစ်စေ၊ လူတစ်စုအဖွဲ့လိုက်ဖြစ်စေ ပျော်ရွှင်စွာတီးကွက်တီးဟန် စည်းဝါးအလိုက် လူတိုင်း အလွယ်တကူ ပါဝင်သီဆို ကပြနိုင်ပါသည်။

(၃) ထုံထွိုင်း

ထုံထွိုင်းကို ဗုံတိုမောင်းဆိုင်း ဟုလည်းခေါ်သည်။ ထုံထွိုင်း(ခေါ်)ဗုံတိုမောင်းဆိုင်းတွင် (က)ဗုံတို(၁)လုံး (ခ)လင်းကွင်း (ဂ)မောင်း(၃)လုံး (ဃ)ဝါးလက်ခုပ်(၁)ခု တို့ပါဝင်ပါသည်။

အခြားသော ရိုးရာမောင်းဆိုင်းများထက် ဤထုံထွိုင်း(ခေါ်)ဗုံတိုမောင်းဆိုင်းက ပို၍ လွယ်ကူပေါ့ပါးသည်။ တီးခတ်သူ(ဖ)ဦးလောက်ရှိလျှင် လုံလောက်ပါသည်။ တီးကွက်ကို (၂)မျိုးတီးခတ်နိုင်သည်။ နရီစည်းဝါးချက်အမြန်အနှေးရှိသည်။ အသက်အရွယ်အရ အမြန်အနှေးရှိသည်။ အသက်အရွယ်ကြီးရင့်သူများက အနှေးဖြင့် တီးခတ်ကြသည်။ အသက်အရွယ်ငယ်ရွယ်သူတို့က ပို၍မြူးကြွသည့်ဟန်ပေါ်လွင်အောင် အမြန်တီးလုံးတီးကွက်ဖြင့် တီးခတ်ကြသည်။ ထုံမေးဆွာ(ဗုံရှည်မောင်းဆိုင်း)နှင့် ထုံထွိုင်း(ဗုံတိုမောင်းဆိုင်း)တို့ (၂)ခုတွင် ဗုံသံကို ပင်တိုင်ထားသော တီးလုံးတီးကွက်ဖြစ်၍ မြိုင်မြိုင်ဆိုင်ဆိုင်ရှိခြင်း၊ သာယာနာပျော်ဖွယ်ကောင်းခြင်း၊ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းခြင်းများကို ဖြစ်ပေါ်စေပါသည်။

အမျိုးသားယဉ်ကျေးမှုအနုပညာနှင့်ပတ်သက်၍ တီးကွက်၊ တီးဟန်များ ဖန်တီးရာတွင်လည်းကောင်း၊ ရိုးရာတူရိယာဗုံများ၊ မောင်းများကို ဖန်တီးရာ၌ အသံနှင့်ဆိုင်သော လက်မှုပညာရပ်ဖြင့် ပြုပြင်ပြီး အမျိုးသားယဉ်ကျေးမှုမောင်းဆိုင်းတစ်ခုဖြစ်အောင် ဖန်တီးရာတွင်လည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးတို့သည် မိမိတို့ဒေသ၊ မိမိတို့ပညာရပ်ဖြင့် ရှေးပဝေသဏီကာလမှ ယခုခေတ်ကာလတိုင်အောင် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ယခုတိုင်ရပ်တည်၍ နေထိုင်လျက်ရှိကြပါသည်။

၃။ လေမှုတ်တူရိယာများ

ပအိုဝ်းတိုင်းရင်းသားများသည် လေမှုတ်တူရိယာများအား အသုံးပြုခြင်းနည်းပါသည်။ အနည်းအကျဉ်းအသုံးပြုသည့် လေမှုတ်တူရိယာများမှာလည်း အုပ်စုလိုက်ပျော်ပါးခြင်း၊ လုပ်ငန်းခွင်များ၌ စိတ်ပြေလက်ပျောက် တီးမှုတ်ခြင်း၊ တောင်ယာလုပ်ငန်းခွင်သို့ နံနက်မိုးသောက်အလင်းရောက်ချိန်၊ ညနေဆည်းဆာလုပ်ငန်းခွင်မှ ပြန်လာချိန်၊ လသာသည့်ရက်များ ညချမ်းချိန်တို့၌ အေးချမ်းသာယာသည့် ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုကြောင့် တီးမှုတ်ခြင်းတို့မှာသာ အသုံးပြုကြသည်။ ပွဲလမ်းသဘင်နှင့် အခမ်းအနားမှာ သုံးနိုင်သည့်တိုင်အောင် အသုံးပြုခြင်းမရှိပေ။

ပအိုဝ်းတိုင်းရင်းသားများအသုံးပြုသည့် လေမှုတ်တူရိယာပစ္စည်းအမျိုးအစား (၄)မျိုး ရှိသည်။ ၎င်းတို့မှာ (၁)တောင်းလစ် (၂)ဝီး၊ ဝီးတခုံ,၊ ဝီးထွေ (၃)ကွာ(ဝါး) (၄)ကွာ(သံ) တို့ဖြစ်သည်။

(၁) တောင်းလစ်

ပအိုဝ်းတိုင်းရင်းသားတို့သည် တောင်ပေါ်ဒေသတို့၌ တောင်ယာကို လုပ်ကိုင်စားသောက်ကြသည်။ စပါးတောင်လိုပုံ၍ ကောက်ပဲသီးနှံများအထွက်တိုးကြသည်။ စုပေါင်း၍ ရိတ်သိမ်းသည့်အခါ တစ်နှစ်တာအတွက် ဝမ်းစာဖူလုံသည်ကို အားလုံးဝမ်းသာကြသဖြင့် လေမှုတ်တူရိယာ တောင်းလစ်နှင့် မောင်းတစ်လုံးကို တီးမှုတ်၍ ပျော်ပါးကြသည်။ တောင်းလစ်မှာ ဝါးဖြင့်ပြုလုပ်ထားသော လေမှုတ်တူရိယာဖြစ်သည်။

(၂) ဝီး၊ ဝီးတခုံ,၊ဝီးထွေ

ဝီး၊ ဝီးတခုံ,၊ ဝီးထွေ တို့ကို ဝါးနှင့်ဘူးခါးသီးတို့ဖြင့် ပြုလုပ်ထားသည်။ ဝီးတခုံ, နှင့် ဝီးထွေတို့မှာ မြင်ဖူးသူ၊ အသံကိုကြားဖူးသူ ရှားပါသည်။

(၃) ကွာ

ကွာမှာ လေမှုတ်တူရိယာဖြစ်၍ ဝါးဖြင့်ပြုလုပ်ထားသောကွာနှင့် သံဖြင့်ပြုလုပ်ထားသောကွာ ဟူ၍ (၂)မျိုးရှိသည်။ နှုတ်ခမ်းတွင်တပ်ထား၍ လက်ဖြင့်ခတ်ပြီး မှုတ်ရပါသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အများအားဖြင့် ကြိုးတပ်တူရိယာများကို အသုံးပြုကြသည်။

၄။ ကြိုးတပ်တူရိယာများ

ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် အသုံးပြုသော ကြိုးတပ်တူရိယာ(၂)မျိုး တွေ့ရသည်။ ၎င်းတို့မှာ (၁)တိန်း(ဂီတာ)နှင့် (၂) ခယာ တို့ဖြစ်သည်။

(၁) တိန်း (ဂီတာ)

ပအိုဝ်းရိုးရာတူရိယာတွင် သံနန်းကြိုး(၃)ချောင်းတပ်၍ တီးခတ်ရသော ကြိုးတပ်တူရိယာကို တိန်း(ဂီတာ)ဟုခေါ်သည်။ သေးငယ်၍ လူတို့၏ ခြေသလုံးမျှသာ ရှိသည်။ လက်ချောင်းဖြင့်လည်းကောင်း၊ လက်ခတ်ဖြင့်လည်းကောင်း တီးခတ်ရသည်။ တိန်း(ဂီတာ)ကို အသံမှာ သာယာငြိမ့်ညောင်း၍ လူခြေတိတ်ချိန် ညအခါမှသာ တီးခတ်လေ့ရှိသည်။

(၂) ခယာ

ပအိုဝ်းရိုးရာတူရိယာတွင် ခယာသည် ပအိုဝ်းလူမျိုးများ၏ တူရိယာတစ်ခု ဖြစ်သည်။ ယခုအခါ ခယာသည် အလွန်အသုံးနည်းပါးသော တူရိယာဖြစ်သည်။ လက်ဆွဲဘာဂျာတူရိယာကို ပအိုဝ်းတိုင်းရင်းသားလူမျိုးများလည်း အသုံးပြုကြသည်။ အကော်ဒီယံ(သို့)လက်ဆွဲဘာဂျာမှာ အနောက်တိုင်းဖြစ်တူရိယာဖြစ်သည်။ သို့သော် ပအိုဝ်းတိုင်းရင်းသားတို့က မိမိတို့ကိုယ်ပိုင်သံစဉ် တီးကွက်တီးဟန်ဖြင့် မြတ်နိုးစွာ အသုံးပြုတီးခတ်ကြသည်။ တစ်ကိုယ်တော်လက်စွမ်းပြရန်သော်လည်းကောင်း၊ ငေါ်းတဲက် (ခေါ်) ပအိုဝ်းသီချင်းကြီးနှင့် တွဲဖက်၍သော်လည်းကောင်း လက်ဆွဲဘာဂျာ တူရိယာကို တီးကြသည်။ အသံမှာ သာယာငြိမ့်ညောင်း၍ နာပျော်ဖွယ်ရှိလှပါသည်။



ရိုးရာတူရိယာများ တီးခတ်နေပုံ

- ပြည်ထောင်စုထဲက ပအိုဝ်း(ထုတ်လုပ်မှုတာဝန်ခံ- ဦးခွန်ထွန်းလှိုင်)။

ပအိုဝ်းတိုင်းရင်းသားတို့ ရိုးရာတူရိယာများ တီးခတ်နေပုံ



အပိုင်း(၆)

တိုင်းလျမ်(သျှမ်းနီ)ရိုးရာတူရိယာများ

တိုင်းလျမ်(သျှမ်းနီ)တိုင်းရင်းသားတို့၏ ရိုးရာတူရိယာပစ္စည်းများမှာ ငါးလုံးစင်မောင်း၊ နှစ်လုံးဆင့်ဗုံ၊ နဲ့မ၊ လင်ကွင်း၊ ဝါးပလွေ၊ (တယော၊ တိုင်အုန်းမှုတ်ခွက်နှင့် ကြိုးသုံးကြိုးတပ် (မယ်ဒယ်လင်)ကဲ့သို့သော တူရိယာများဖြစ်သည်။ တိုင်၊ တယောနှင့် ကြိုးသုံးကြိုးတူရိယာသည် မောင်နောင်းယန်းနှင့် နန်းခမ်းကော် တိုင်းလျမ်(သျှမ်းနီ)ရှေးဟောင်းဂန္ဓဝင်အချစ်ဇာတ်လမ်းတွင် ရေးသားခဲ့သော ပုရပိုက်တွင် ဖေါ်ပြထားသည်မှာ သမိုင်းသက်သေအခိုင်အမာရှိပါသည်။

၁။ (၅)လုံးစင်မောင်း တူရိယာ

တိုင်းလျမ်(သျှမ်းနီ) တိုင်းရင်းသားတို့၏ (၅)လုံးစင်မောင်းတူရိယာသည် အသံ(၅)မျိုးဖြင့် စုပေါင်းပြီး တစ်ပြိုင်နက်တည်းတီးခတ်ရသော တူရိယာအမျိုးအစားဖြစ်သည်။ (၅)လုံးစင်မောင်း၏ အသံအမျိုးအစားမှာ သာမန်(၃)ပေါက်သံ၊ (၅)ပေါက်သံအကြီး၊ (၅)ပေါက်သံအသေး၊ (၆)ပေါက်သံ တို့ဖြစ်သည်။

၂။ နှစ်လုံးဆင့်ဗုံ တူရိယာ

တိုင်းလျမ်(သျှမ်းနီ)တိုင်းရင်းသားလူမျိုးများအသုံးပြုခဲ့သည့် နှစ်လုံးဆင့်ဗုံတူရိယာသည် မင်းအခမ်းအနားများတွင် အသုံးပြုသည့် စည်တော်ကြီးကို ရည်ရွယ်၍ စည်တော် ကိုယ်စားအသုံးပြုထားသည်။ ရှေးအခါက မင်း၊ စော်ဘွားများ အသုံးပြုတီးခတ်လျက်ရှိသည့် စည်တော်သည် နှစ်မျိုးနှစ်စားခွဲခြားထားလေ့ရှိသည်။ အကြီးစားစည်တော်ကို စစ်ရေး၊ စစ်ရာ စစ်ချီတက်ရာ၌ တီးခတ်အသုံးပြုလျက် စည်တော်အငယ်စားကို တိုင်းရေးပြည်ရွာစည်းဝေးရာတွင် အသုံးပြုလေ့ရှိကြသည်။

တိုင်းလျမ်(သျှမ်းနီ)တိုင်းရင်းသားတို့အနေဖြင့် လက်ရှိတီးခတ်သော ဗုံနှစ်လုံးဆင့် တူရိယာ၏ မူလအမည်သည် ကောင်းပူဆာ ဟုခေါ်ခဲ့ကြသည်။ ကောင်းပူဆာ၏ အဓိပ္ပါယ်မှာ ကောင်းဆိုသည်မှာ ဗုံကိုဆိုလိုပြီး၊ ပူဆာဆိုသည်မှာ ပူဇော်ခြင်းကိုဆိုလိုသည်။ ဘုန်းကြီးကျောင်းများ၌ ချိတ်ဆွဲထားသောစည်သည် ဘုရားအလှူ၊ ဘုရားပင့်၊ မင်းခမ်းမင်းနား၊ ရှင်ပြုရဟန်းပြုရာတွင် တီးခတ်ပူဇော်ခြင်းကို ဆိုလိုပါသည်။

၃။ ဝါးလက်ခုပ်တူရိယာ

တိုင်းလျမ်(သျှမ်းနီ)တိုင်းရင်းသားတို့ တီးခတ်သည့် ဝါးလက်ခုပ်တူရိယာမှာ ဝါးဖြင့်ပြုလုပ်ပြီး လက်ကိုင်ဖို့ရာအတွက် ခုတ်ထစ်ပြီးကာ လက်နှစ်ဖက်ဖြင့်တီးရသော တူရိယာမျိုးဖြစ်သည်။

၄။ ဝါးပလွေတူရိယာ

ရှမ်းမျိုးနွယ်စုများနှင့်အတူ ဝါးပလွေတူရိယာသည် ရှေးအခါက တိုင်းလျှမ်(သ္ဘျမ်းနီ) တိုင်းရင်းသားတို့သည်လည်း ဗူး(သို့မဟုတ်)ဝါးကို ထွင်းဖောက်၍ အသုံးပြုကြသည်။ ဝါးပလွေတူရိယာကို အသုံးပြုရာတွင် သီးခြားတူရိယာအနေဖြင့် အသုံးပြုလေ့ရှိပြီး အခြားတူရိယာများနှင့် တီးခတ်ခြင်းများနည်းပါသည်။ ဝါးပလွေတူရိယာကို အသုံးပြုချိန်များမှာ တစ်ယောက်တည်းကျွဲနွားများကျောင်းခြင်း၊ လယ်ယာကိုင်းကျွန်းလုပ်ကိုင်နားနေချိန်များတွင် အပန်းဖြေသည့်အနေဖြင့် အသုံးပြုလေ့ရှိကြပါသည်။

(၅)လုံးစင်မောင်း တူရိယာ

နှစ်လုံးဆင့်ဗုံ

နှဲမ



လင်ကွင်း

ဝါးလက်ခုပ်

ဝါးပလွေ

အပိုင်း(၇)

ရှမ်းရိုးရာတူရိယာပစ္စည်းများ

၁။ ကောင်ကွန်ယောင်း (ခါးရှည်အိုးစည်)

ရှမ်းဘာသာစကားဖြင့် "ကောင်ကွန်းယောင်း" မြန်မာဘာသာဖြင့် "ခါးရှည်အိုးစည်' သည် မျက်နှာတဖက်တည်းပါပြီး အိုးစည်အရှည်ဟု လူအများက သိရှိကြပါသည်။ ရှမ်းလူမျိုးများက ပျော်ပွဲရွှင်ပွဲများ၊ အလှူပွဲများ၊ မင်္ဂလာပွဲများနှင့် အခမ်းအနားပွဲများတွင် မောင်း၊ လင်ကွင်းတို့နှင့် တွဲဖက်၍ တီးခတ်ကြပါသည်။ တိုးနယားအက၊ ကိန္နရီအက၊ ဓားသိုင်းအက၊ တုတ်သိုင်းအက၊ သိုင်းအကများတွင် တီးခတ်ကြပါသည်။ အိုးစည်တီးခတ်ရာ၌ တီးခတ်ပုံ၊ တီးခတ်နည်းများသည် အပြင်တွင် လွယ်သယောင်ထင်ရသော်လည်း မောင်း၊ လင်ကွင်းနှင့် စည်းချက်ညီညီတီးခတ်ရသည့်အတွက် လက်တွေ့တွင် မလွယ်ကူလှချေ။ ကောင်ကွန်ယောင်း (ခါးရှည်အိုးစည်)ကို တီးခတ်သည့်သူများသည် အချင်းချင်းညီညွတ်မှုမရှိဘဲ တီးခတ်ပါက နားထောင်၍ မကောင်းပါ။ အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် တီးခတ်မှသာ ကြားရသူများအတွက် စိတ်ကို ရဲရင့်ပျော်မြူးစေပြီး ကခုန်ချင်သည့်စိတ်များဖြစ်ပေါ်စေပါသည်။

၂။ ကောင်ပူဇား (မျက်နှာနှစ်ဖက်ပါပြီး လေးလုံးတွဲ၍ တီးခတ်ရသော စည်တစ်မျိုး)

ကောင်ပူဇားစည်သည် မျက်နှာနှစ်ဖက်ပါပြီး လုံးဝန်းသော ပုံသဏ္ဌာန်ရှိပါသည်။ စင်ပေါ်တွင် တင်၍ တီးခတ်ရသည်။ ကောင်ပူဇားကို အင်းတော်ကြီး၊ ဗန်းမော်၊ ဝန်းသို့ စသည့် ဒေသများတွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသားလူမျိုးများက ကောင်ပု (သို့) ကောင်တီဘို့ဟု ခေါ်ကြသည်။ ကောင်ပူဇားသည် မောင်း၊ လင်ကွင်းနှင့်တွဲဖက်၍ တီးခတ်ကြသည်။ မြတ်စွာဘုရားကို ပူဇော်ကန်တော့သည့်အခါ၊ ကောက်သစ်စားပွဲလှူဒါန်းသည့်အခါ ဝါဝင် ဝါထွက်ပွဲများ ကျင်းပသည့်အခါများတွင် ကောင်ပူဇားကို တီးခတ်ကြပါသည်။ ကောင်ပူဇားကို ဂုံရှမ်း၊ လိရှမ်း၊ တိုင်းလျမ်နှင့် ယွန်းရှမ်းလူမျိုးများက ကောင်ပူဇာဟု ခေါ်ကြသည်။

၃။ ကောင်လုံ (အိုးစည်ကြီးအရှည်)

ကောင်လုံအိုးစည်ကို ရှမ်းဘာသာဖြင့် 'ကောင်ယောင်' မြန်မာဘာသာဖြင့် "အိုးစည်ကြီးအရှည်"ဟု ခေါ်သည်။ ကောင်လုံ(အိုးစည်ကြီးအရှည်)သည် အခြားသော အိုးစည်များထက် ရှည်၍ ကြီးပြီး လေးလံသည့်အတွက် နွားလှည်းဖြင့်တင်ဆောင်၍ တီးခတ်ရသည်။ ကောင်းလုံသည် စစ်ချီသည့် အချိန်တွင်လည်းကောင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ရွာနှင့်တစ်ရွာ ဆက်ဆံသည့်အချိန်တွင် တီးခတ်သည့်အိုးစည်ဖြစ်သည်။ ယခုအချိန်တွင် ကောင်လုံမှာ မတွေ့ရသလောက် ရှားပါးလှသည့် တူရိယာဖြစ်ပါသည်။

၄။ ကောင်ခုမ်း (ရှမ်းအိုးစည်တိုတစ်မျိုး)

ကောင်ခုမ်းအိုးစည်သည် ကောင်ကွန်ယောင်း(ခါးရှည်အိုးစည်)နှင့် ဆင်တူသော်လည်း အရှည်က ခါးရှည်အိုးစည်နှင့် မတူဘဲ သုံးတောင်လောက်သာရှိပြီး ၀၀ပုပုပုံသဏ္ဌာန်ရှိသည့် အိုးစည်တစ်မျိုးဖြစ်သည်။ ကောင်ခုမ်းကို ခန္ဓီးရှမ်းလူမျိုးများက အသုံးပြုတီးခတ်ကြသည်။ ၎င်းအိုးစည်ကို အင်းသား၊ ဓနု၊ အာခါ၊ လားဟူ တိုင်းရင်းသားများလည်း အသုံးပြုတီးခတ်ကြပါသည်။

၅။ ကောင်တတ် (မျက်နှာပြင်နှစ်ဖက်အိုးစည်)

ကောင်တတ်အိုးစည်ဆိုသည်မှာ ခါးပိုင်းနှင့် အမြီးပိုင်းပါရှိသော အိုးစည်ခေါင်း ဖြစ်ပြီး ခါးရှည်အိုးစည်၏ အထက်ခေါင်းပိုင်းကို ဖြတ်ယူထားသည့်ပုံသဏ္ဌာန်ဖြစ်သည်။ ကောင်းပုံးပန်း ဟုလည်း ခေါ်ကြသည်။ ကောင်တတ်အိုးစည်ကို ရဟန်းခံရှင်ပြုပွဲများနှင့် မင်္ဂလာအောင်ပွဲများ တွင် တီးခတ်ကြသည်။ လွယ်ကြိုးမပါသည့်အတွက် စင်ပေါ်တွင်တင်၍ တီးခတ်ရသည်။ ၎င်းအိုးစည်ကို ရှမ်းကြီးလူမျိုးများသာမက ဂုံရှမ်းနှင့် တိုင်းနွဲ့လူမျိုးများက အသုံးပြုတီးခတ်ကြပါသည်။

၆။ ကောင်ဆယ်(အိုးစည်တိုတစ်မျိုး)

ကောင်ဆယ်အိုးစည်သည် ဘင်ခရာတီးဝိုင်းတွင် တီးခတ်ရသည့် စည်နှင့် ဆင်တူပြီး ကုန်းဘောင်ခေတ်ကတည်းက အသုံးပြုလာခဲ့သည်ဟု သိရှိရပါသည်။ စင်ပေါ်တွင်တင်၍ တီးခတ်ရသည်။ သံလွင်အရှေ့ဘက်ခြမ်းတွင် နေထိုင်သော ရှမ်းလူမျိုးများက လမ်းဝုန်းအက (မီးပုံပိုင်းအက) ကသည့်အခါတွင် ကောင်ဆယ်ကို တီးခတ်၍ အသုံးပြုကြသည်။ ဝါးလုံးဖြင့် ထမ်း၍ ကသည့်သူက ပုခုံး၊ ဒူးခေါင်း၊ ဦးခေါင်း၊ လက်သီး၊ တံတောင်ဆစ် စသည်ဖြင့် တီးခတ်နည်းအတိုင်း တီးခတ်ကြသည်။ ကောင်ဆယ်ကို လမ်းဝုန်းအက ကသည့်အချိန်တွင် ပတ္တလား၊ သုံးကြိုးဂစ်တာတို့နှင့် တွဲဖက်၍ တီးခတ်ကြသည်။ ကောင်ဆယ်သည် ဂုံရှမ်း၊ လိရှမ်းနှင့် ယွန်းရှမ်းတိုင်းရင်းသားများ၏ ရိုးရာတူရိယာတစ်မျိုးဖြစ်ပါသည်။

၇။ ကောင်မောင်းဆိုင်း

ကောင်မောင်းဆိုင်းအိုးစည်သည် မျက်နှာပြင်နှစ်ဖက်ပါရှိပြီး လုံးဝန်းရှည်သည့် ပုံသဏ္ဌာန်ရှိပြီး ခန္ဓီးရှမ်းတိုင်းရင်းသားလူမျိုးများ အသုံးပြုတီးခတ်သည့် ကောင်ပူဇား အမျိုးအစားထဲမှ ကောင်တလွတ်ပတ်အိုးစည်နှင့် ဆင်တူပါသည်။ ကောင်မောင်းဆိုင်းအိုးစည် ကို များသောအားဖြင့် အမျိုးသမီးများသာ တီးခတ်ကြပြီး ရဟန်းခံရှင်ပြုပွဲများ၊ ဘုရားပွဲတော် များ၊ ဘုရားထီးတော်တင်ပွဲများတွင် တီးခတ်ကြပါသည်။ ရှေးအခါက ကောင်မောင်းဆိုင်း

အိုးစည်ကို မောင်း(၁၄)လုံးဖြင့် တွဲဖက်တီးခတ်ကြသော်လည်း ယခုခေတ်အခါတွင် မောင်း(၈)လုံးဖြင့်သာ တွဲဖက်၍ တီးခတ်ကြပါသည်။ ကောင်မောင်းဆိုင်းအိုးစည် တီးခတ်နည်းမှာ ခါးရှည်အိုးစည်တီးခတ်နည်းနှင့်မတူဘဲ လင်ကွန်းသံ 'ချ'ကို အရင်ဆုံးတီးရပြီး မောင်းသံ 'မုန်း'က နောက်မှလိုက်၍ တီးရသည်။ တစ်ချို့ဒေသများတွင် အိုးစည်မရှိတော့၍ ခါးရှည်အိုးစည်ဖြင့် ကောင်မောင်းဆိုင်းအိုးစည်အဖြစ် ပြောင်းလဲတီးခတ်ကြသည်ကိုလည်း တွေ့မြင်ရပါသည်။

၈။ ကောင်နာမ့်(ခေါ်)ကောင်တွေ (မျက်နှာပြင်နှစ်ဖက်ပါသောအိုးစည်)

ကောင်နာမ့်(ခေါ်)ကောင်တွေဟုံသည် မျက်နှာပြင်နှစ်ဖက်ပါသော သားရေနှစ်ဖက်စည်းကြပ်ထားသော အိုးစည်အမျိုးအစားဖြစ်ပြီး ကောင်မောင်းဆိုင်းအိုးစည်ထက် အနည်းငယ်ရှည်ပါသည်။ ကောင်နာမ့်သည် အတီးအမှုတ်တူရိယာများနှင့်တွဲဖက်၍ မတီးရဘဲ အိုးစည်သီးသန့်သာ တီးခတ်ရသည်။ ကောင်တွေဟုံကို စပ်ချီသောအခါ အလှူလှည့်ရာတွင် ရှေ့မှ အကြိုအခင်းသဘောဖြင့် ကြက်ဖခွပ်အကနည်းတူ တီးခတ်ကြသည်။ ထိုဟုံဖြင့် ယိမ်းကခြင်း၊ တုတ်၊ ဓား၊ လက်နက်ကခြင်း၊ အလှူလှည့်ခြင်း၊ အရေးကြီးပုဂ္ဂိုလ် အကြိုအပို့ပြုခြင်းတို့တွင် တီးခတ်ကြသည်။ တီးခတ်နည်းမှာ သုံးချက်နှင့်ငါးချက်အထိ အကအလိုက် အသံညှိတီးခတ်ကြသည်။ အများအားဖြင့် အကြိုတီးခတ်နည်းမှာ သုံးချက်ဆက်တိုက် တစ်ခါနား၊ ငါးချက်ဆက်တိုက် တစ်ခါနား စသည်တို့ဖြစ်ပါသည်။ ကောင်တွေကို တစ်ပေခွဲရှိသော မောင်းအကြီးထားလျက် ကျန်မောင်းကလေးများကို ကြေးကွင်းများဖြင့် တွဲဖက်၍ တီးခတ်ကြသည်။ ကောင်နာင့်(ခေါ်)ကောင်တွေသည် ခန္ဓီးရှမ်းတိုင်းရင်းသားများ၏ ရိုးရာတူရိယာတစ်မျိုး ဖြစ်ပါသည်။

၉။ ကောင်ဇိုင်း(ဗဟိုရ်စည်)

ကောင်ဇိုင်းအိုးစည်သည် ဗမာလူမျိုးများ အသုံးပြုတီးခတ်သည့် ဗဟိုရ်စည်နှင့် ဆင်တူပါသည်။ ကောင်းဇိုင်းအိုးစည်ဆိုသည်မှာ ပါဠိဘာသာ (ဧယျတု)မှ ဆင်းသက်လာပြီး 'အောင်မြင်' သည်ဟု အဓိပ္ပာယ်ရပါသည်။ ကောင်ဇိုင်းအိုးစည်ကို တီးခတ်လျှင် အနာရောဂါ ဘေးအန္တရာယ်ခပ်သိမ်းကင်းငြိမ်းသည်ဟု အယူရှိသည်။

- လုင်းဝိုင်းခေးလို့ (ရှမ်းအိုးစည်ပညာရှင်)။

ရှမ်းလူမျိုးတို့၏ ရိုးရာတူရိယာများ

ရှမ်းလူမျိုးတို့၏ ရိုးရာတူရိယာများ

ရှမ်းလူမျိုးတို့၏ ရိုးရာတူရိယာများ

အပိုင်း(၈)

တိုင်းရင်းသားတို့၏ တိမ်မြုပ်သွားသည့် ရိုးရာတူရိယာများနှင့် ပျောက်ကွယ်လုနီးပါး ရိုးရာတူရိယာများ

၁။ တိုင်းရင်းသားများ၏ တိမ်မြုပ်သွားသည့် ရိုးရာတူရိယာများ

(၁) မွန်လူမျိုးတို့၏ တိမ်မြုပ်သွားသည့် ရိုးရာတူရိယာများ

(က) မွန်ရိုးရာ "ညှင်း"တူရိယာ

မွန်ရိုးရာ ညှင်းတူရိယာသည် နန်းတွင်းသုံး လေမှုတ်တူရိယာတစ်မျိုး ဖြစ်သည်။ ညှင်းတူရိယာကို မွန်အခေါ်အဝေါ်(သေသေ)ဟု လေ့လာသိရှိနိုင်ပါသည်။ ညှင်းတူရိယာကို စာပေ၊ ကဗျာ ၊ သီချင်း၊ ပန်းချီ၊ မင်စာများနှင့် နံရံဆေးရေးပန်းချီစသည်များတွင် လေ့လာတွေ့ရှိနိုင်ပါသည်။ ညှင်းတူရိယာကို "ရွှေတံမြှာ" ဟုလည်း သီချင်း၊ စာပေများတွင် တင်စားကြပါသည်။ တံမြှာများစွာ ပါရှိသည့် ရွှေဖြင့်ပြုလုပ်ထားသည်ကို ဆိုလိုခြင်းဖြစ်ပါသည်။ "ကျဏင်ကင်ရီ" မွန်စာပေသမိုင်းမှာ စစ်ချီသည့်အခါတွင်လည်း ခရုသင်းအစား ညှင်းတူရိယာကိုလည်း တီးမှုတ်ကြသေးသည်ဟု ဆိုထားပါသည်။ ညှင်းသံ၏ ကျူးအေးသံသည် သာယာငြိမ့်ညောင်းလှသည်ဟု မွန်သမိုင်းတို့တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ "ညှင်း"တူရိယာကို ရှေးစာအရေးအသားများတွင် ညင်း၊ ညှင်း၊ ငြင်း၊ ငြှင်း စာလုံးပေါင်းအမျိုးမျိုးဖြင့် ရေးသားကြပါသည်။

(ခ) မွန်ညှင်းတူရိယာနှင့် ပြင်စည်မင်းအလွမ်း

ထို့အပြင် မွန်ရိုးရာညှင်းတူရိယာသမိုင်းအား လေ့လာကြည့်မည်ဆိုလျှင် "ညှင်း" တူရိယာနှင့်ပတ်သက်ပြီး ပြင်စည်မင်းသားက အောက်ပြည်အောက်ရွာ ရောက်ရှိခိုက် မွန်လူမျိုးတို့၏ ညှင်းတူရိယာနှင့် ပလွေသံ သီဆိုတီးမှုတ်သံကို ကြားရပြီး အမရပူရရွှေနန်းတော်ကို လွမ်းမိကြောင်း ထိုမှမွန်လူမျိုး တို့၏ ညှင်းတူရိယာသံသည် အလွန်သာယာညှင်းပြောင်းလှကြောင်း ရွှေနန်းတော်ကို လွမ်းစိတ်တဝေဝေနှင့် ထိုသီဆိုတီးမှုတ်သံကို သဘောကျကာ မှတ်သားပြီး မွန်သံတေးသီချင်းများစွာကို ပြင်စည်မင်းသားက ဗမာဘာသာ ပြန်ဆိုတေးဖွဲ့ခဲ့ပါသည်။ ပြင်စည်မင်းသားရေးသားခဲ့သော "မွန်သံ"တေးသီချင်းပေါင်းများစွာ ရှိပါသည်။ မွန်သံတေးသီချင်းများစွာထဲမှ ပြင်စည်မင်းသား၏ လွမ်းဖွဲ့မွန်သံ ဖြစ်သည့် "ညှင်းညှင်း ပဉ္စင် ရွှေတံမြှာ ကျူးအေး ကျူးအေး ပြန်လာ" အစချီ

အလွမ်းဘွဲ့မွန်(၁၂)ခန်း မွန်သံတေးသီချင်းတွင် ညှင်းတူရိယာအကြောင်းကို သီဖွဲ့ရေးသားထားကြောင်းကိုလည်း မွန်သံတေးသီချင်းများတွင် လေ့လာသိရှိနိုင်ပါသည်။

"ညှင်း တူရိယာမှတ်တမ်းခါတ်ပုံ"

နံရံဆေးရေးပန်းချီမှ "ညှင်း"တူရိယာတီးမှုတ်နေပုံ

မှင်စာများမှ "ညှင်း"တူရိယာတီးမှုတ်နေပုံ

(ဂ) မွန်ရိုးရာဖားစည်

မွန်ဖားစည်နှင့်ပတ်သက်ပြီး မွန်ရာဇဝင်များတွင် ဖားစည်ပြုလုပ်ပုံနှင့် အာနုဘော်တို့ကို ဤသို့ဖော်ပြထားပါသည်။ "သထုံကေသရာဇာမင်း"လက်ထက်တွင် ခရမ်းကစော့သစ်ဖြင့် စည်၏ ကိုယ်ထည်ကိုပြုလုပ်ပြီး စည်မျက်နှာကို ဖား၏ သားရေဖြင့်ဖုံးအုပ်ကာ ခြသေ့၏သားရေဖြင့် ဖားစည်ကို တင်းအောင်ကျက်ပြီး အဆစ်ရှိသည့်ခြသေ့၏ အရိုးဖြင့် ဖားစည်ကို တီးခတ်ရသည်။

ၛင်းဖားစည်သံကိုကြားလျှင် ပတ်ဝန်းကျင်အရပ်မျက်နှာများရှိ ထီးဆောင်းမင်းများမှ ရိုသေခယစွာ လက်ဆောင်ပဏ္ဏာများနှင့် သမီးကညာများကို ဆက်သကြရသည်ဟုဆိုသည်။ စည်သံကိုကြားမိသော ရန်သူမှန်သမျှတို့သည် ကြောက်လန့်ထွက်ပြေးကြကုန်သည်။ အောင်ပွဲရအခမ်းအနားများတွင်လည်း ဖားစည်ကို တီးခတ်ကြသည်။ မနူဟာမင်း၏ အာနုဘော်တော် သုံးရပ်တွင် ဖားစည်သည်လည်း တစ်ပါးအပါအဝင် ဖြစ်ကြောင်းပြဆိုထားပါသည်။ ယခုအခါ မွန်လူမျိုးတို့၏ ရှေးအခါက ရဲ့ရင့်ခန့်ညားသည့်ဖားစည်သည် ရာဇဝင်သမိုင်းကြောင်းများတွင် ခပ်ရေးရေးသာ ထင်ကျန်လျက်ရှိပေသည်။

ကိုးကားစာပါ ဖားစည်ပုံ

(၂) ရခိုင်လူမျိုးတို့၏ တိမ်မြုပ်သွားသည့် ရိုးရာတူရိယာများ

(က) ရခိုင်ရိုးရာ ခွက်ခွင်း(ဂိန်းဂေါင်)တူရိယာ

ခွက်ခွင်း(ဂိန်းဂေါင်)တူရိယာသည် ရခိုင်လူမျိုးတို့၏ နန်းတွင်းသုံးတူရိယာ ဖြစ်ပါသည်။ ခွက်ခွင်းသည် ယခုခေတ် စည်းဝါးအုပ်စုနှင့် အလားတူပင်ဖြစ်ပြီး တီးဝိုင်းအတွက် ပံ့ပိုးတူရိယာတစ်မျိုးဟုလည်းဆိုနိုင်သည်။ ရခိုင်စည်တော်များ တီးရာတွင် ခရာကောက်၊ ခရာမြွာ၊ နဲ၊ ပြီ စသည့် လေမှုတ်တူရိယာများ၊ "ခွက်ခွင်း(ခ)ဂိန်းဂေါင်"၊ မောင်းစသည့် ကြေးတူရိယာများနှင့်လည်း တွဲဖက် တီးမှုတ်ကြပါသည်။ ခွက်ခွင်းတူရိယာကို ယခင်က အမျိုးသားပြတိုက်၌ ပြသ ထားသည်ကိုတွေ့ရှိရပြီး ယင်းတူရိယာအသုံးပြုမှုကို ယခုအခါ မတွေ့ရှိရတော့ပေ။

ခွက်ခွင်း(ဂိန်းဂေါင်)ပုံသဏ္ဌာန်

ခွက်ခွင်းသည် ကြေးပန်းကန်လုံးကို မောက်ထားပြီး တိုင်စွတ်ထားသော ပုံသဏ္ဌာန်ရှိသည်။ ခွက်ခွင်းအဝန်းမှာ (၂၁)လက်မနှင့် အချင်း(၆.၅) လက်မခန့် ရှိသည်။

ခွက်ခွင်း၏အမြင့်မှာ(၄)လက်မဖြစ်ပြီး အပေါ်၌ထွက်နေသော သစ်သား အချွန်းသည် (၁.၅)လက်မ မြင့်သည်။ အောက်ခံသစ်သားခုံသည် အမြင့်(၁.၅) လက်မ၊ အလျားမှာ (၄.၆) လက်မရှိ၍ စတုရန်းပုံဖြစ်သည်။

ခွက်ခွင်း(ဂိန်းဂေါင်)ပုံ

(ခ) ရခိုင်မိကျောင်းစောင်း

ရခိုင်တို့၏ မူလဂီတမှာ ရှေးလွန်လေပြီးသော ဘုရားအဆူဆူတို့၏ ပွင့်တော်မူရာ မဏ္ဍိမဒေသအရပ်ရပ်နှင့် ကမ္ဘာဦးသူတို့၏ မင်းအဆက်ဆက်တို့မှ ဆင်းသက်လာသည်ဟု ဆိုထားပါသည်။ ရခိုင်ပြည်တွင် တိုင်းကြီး(၁၆)တိုင်း၊ ပြည်ကြီး(၁၆)ပြည် အပါအဝင်ဖြစ်သော ရမ္ဘပူရပြည်၊ ရမ္ဘဝတီမြို့၊ သမုတ္တိဒေဝ မင်းဆက်မှစ၍ ကဗျာဂီတ အရေးအသားဖြစ်ထွန်းလာခဲ့သည်ဟု ဆိုထားပါသည်။ ရခိုင်မိကျောင်းစောင်းကို ပြားနံ(သို့မဟုတ်)ပြန်အမည်ရှိသော ပင်လယ်ကမ်းစပ်တွင်ပေါက်သော သစ်ပင်အသားမှပြုလုပ်သည်။ ရင်းတိုက်သားနှင့် မဟော်ဂနီသားတို့ဖြင့်လည်း ရခိုင်မိကျောင်းစောင်းကို ထွင်းထုပုံဖော်ပြုလုပ်ပါသည်။ ရခိုင်မိကျောင်းစောင်းကြိုးကို ပိုးကြိုးတစ်ပင်၊ ချည်ကြိုးတစ်ပင်၊ ကြေးဝါကြိုးတစ်ပင် ကြိုး(၃)ကြိုးဖြင့် တပ်ဆင်တီးခတ်ကြသည်ဟု သိရပါသည်။ မိကျောင်းတီးသောအခါတွင် ထူးခြားချက်မှာ လက်ခတ်ဖြင့်မတီးဘဲ လက်ကိုအသုံးပြုပြီး ညာလက်ညိုးဖြင့် တီးခတ်ပါသည်။ ဘယ်လက်မှာ မိကျောင်းစောင်းလက်တန်းပေါ်ရှိ လက်ကွက်အလယ်များပေါ် ဖိနှိပ်၍ မိမိလိုရာအသံကိုရအောင် တီးခတ်ရသည်ဟု ဆိုပါသည်။

မြောက်ဦးရှေးဟောင်းပစ္စည်းပြတိုက်ရှိ ရခိုင်မိကျောင်းစောင်းမှာ အလျား(၃)ပေ (၆)လက်မ၊ အနံ(၆)လက်မခွဲ၊ ခေါင်းအမြင့်(၃)လက်မခွဲ၊ အမြီးအမြင့်(၈)လက်မခွဲဖြင့်ပြုလုပ်ထွင်းထုထားသည်ဟုဆိုပါသည်။ အမြီးပိုင်းကို ကနုတ်ပန်းဖြင့် တန်ဆာဆင်ထုလုပ်ထားသည်။ ဦးခေါင်းနှင့်အမြီးပိုင်းတို့တွင် အခေါင်းထွင်းထားသည်။ ကိုယ်ထည်အခေါင်းထွင်းထားသော ဝမ်းဗိုက်ကိုသားရေမအုပ်ဘဲ ကြမ်းပြင်နှင့်အညီထားပြီး ဦးခေါင်းနှင့်အမြီးပိုင်းရှိ အခေါင်းမှ အသံထွက်ပေါက်ဖြင့် ပြုလုပ်ထားပြီး ထီးသုံး၊ နန်းသုံးစောင်းဆိုလျှင် မှန်စီရွှေချကျောက်စီထားသည်ကိုလည်း တွေ့ရှိရပါသည်ဟု ဆိုထားသည်။ အရပ်သုံးစောင်းမှာ အဖြူထည်ဖြစ်သည်။ ဒလက် (သို့မဟုတ်) နွယ်ရှင်လေးချောင်း တပ်ဆင်ထားသည်။ ကြိုး(၃)ချောင်းရှိပြီး တစ်ချောင်းမှာ အရံသဘောဖြင့် အသုံးပြုပြီး ကြိုးတစ်ချောင်းပြတ်လျှင် အမြန်အသုံးချနိုင်ရန် တပ်ဆင်ထားခြင်းဖြစ်သည်။ စောင်းကြိုး(၃)ချောင်းတွင် အလယ်ကြိုးကို ထိန်းချုပ်သည့်အနေဖြင့် အမြီးပိုင်းကို စိန်သီး ခေါ် ငုတ်တစ်ခုထည့်ထားသည်။ ရခိုင်မိကျောင်းစောင်းသည် မွန်မိကျောင်းစောင်းနှင့်မတူဘဲ ကွဲပြားခြားနားသည်ဟု ဆိုထားသည်။ ရခိုင်

မိကျောင်းစောင်းကို ခေါင်းပိုင်းတွင် တီးခတ်ရသည်ဟု ဆိုထားပြီး မွန်တို့၏ မိကျောင်းစောင်းမှာ အမြီးပိုင်းတွင် တီးခတ်ကြပါသည်။

ရခိုင်မိကျောင်းစောင်းသည် သံစဉ်လေးပါးအခြေခံ၍ တီးသည်ဟုဆိုသည်။ ၎င်းသံစဉ် လေးပါးမှာ (၁)ပင်လယ်လှိုင်းအူသံ၊ (၂)မိုးကြိုးထစ်ချုန်းသံ၊ (၃)ပဲ့တင်သံနှင့် (၄)ရေစက်ကျသံ တို့အပေါ် သာချင်း၊ ဇချင်း၊ အဲချင်းများကို သီဆိုတီးမှုတ်ကြသည်။သံစဉ်နှင့်ပတ်သက်၍ ရခိုင်ကဝိကဏ္ဍပါဿနကျမ်းတွင် လေ့လာ၍ရပါသည်။ ယခုအခါတွင် ရခိုင်မိကျောင်းစောင်း တီးတတ်သူ မရှိသလောက် ရှားပါးခဲ့ပြီးဖြစ်သည်။

ရခိုင်ရိုးရာမိကျောင်းတူရိယာပုံ

၂။ ပျောက်ကွယ်လုနီးပါး တိုင်းရင်းသားတို့၏ ရိုးရာတူရိယာများ

(၁)ကချင်ရိုးရာ “ကျွဲချိုန့်” (ဒွမ်ဘာ) DUMBA

(၂) ကယားရိုးရာ “ကလို့ (ခ) ဝါးဂီတာ

(၃)ကရင်ရိုးရာ “ပီဘား”တူရိယာ

(၄)ချင်းရိုးရာ “ဗုံ”တူရိယာ

(၁) ကချင်ရိုးရာ “ကျွဲချိုန့်” (ဒွမ်ဘာ) DUMBA

ကချင်ရိုးရာ”ကျွဲချိုန့်”(ဒွမ်ဘာ) အမျိုးအစား(၂)မျိုးရှိပါသည်။ လခွန်ဒွမ်ဘာ (LAHKUM DUMBA) နှင့် လသော်ဒွမ်ဘာ (LAHTAW DUMBA)တို့ ဖြစ်ကြသည်။

ဒွမ်ဘာ(ခ)ကျွဲချိုန့်ကို မနောပွဲတွင် တီးမှုတ်ကြပြီး ၎င်းနှင့်တွဲဖက်တီးရသော တူရိယာများမှာ စည်ကြီးနှစ်လုံးနှင့် မောင်းကြီး သုံးလုံးပင်ဖြစ်သည်။ အိုးစည်အရှည်၊ မောင်းကလေး

ဝမ်ပေါင်၊ ဆွမ်ပြီ လင်းကွင်းတို့နှင့်လည်း တွဲတီးကြသည်ဟုဆိုသည်။ ဒွမ်ဘာကျွဲချိုနဲ့ကို နာရေးနှင့် တောင်ယာလုပ်ငန်းများတွင်လည်း တီးမှုတ်ကြသည်။ နေရာဒေသအလိုက် တီးမှုတ်သည့် တေးသွားများလည်း မတူကြပေ။ ဒွမ်ဘာအရွယ်အစားမှာ ဝါးပြောင်းအရှည် (၁၈)လက်မ၊ ကျွဲချိုအရှည် (၁၃.၂၅)လက်မ ၊ ကျွဲချို၀ လုံးပတ်(၇)လက်မ တို့ရှိကြသည်။ ယခုအခါ ထိုတူရိယာကို တီးမှုတ်မည့်သူ ရှားပါးလာပြီး လူအနည်းစုသာ တီးမှုတ်တတ်ကြသည်ဟု ဆိုပါသည်။

ကချင်ရိုးရာ ဒွမ်ဘာကျွဲချိုနဲ့ တူရိယာတီးမှုတ်ပုံများ

(၂) ကယားရိုးရာ ကလို့(ခ)ဝါးဂီတာ

ကယားရိုးရာဝါးဂီတာ၏ ထူးခြားချက်မှာ ကြိုးအပါအဝင် တူရိယာတစ်ခုလုံးကို ဝါးဖြင့် ပြုလုပ်ထားပါသည်။ ဝါးစောင်းဟုလည်း ခေါ်ဆိုကြသည်။ ဝါးပိုးဝါးဆစ်ကို အပိတ်နှစ်ဖက် ပါအောင် ခုတ်ဖြတ်ထားပြီး ဝါးဆစ်အရိုးကို မပြတ်အောင် ကြိုးဖြစ်အောင် ပြုလုပ်ထားခြင်း ဖြစ်သည်။ အသံချိန်ညှိနိုင်ရန်အတွက် ဝါးဘားတိုင်လေးများ ထည့်ထားခြင်းမှာလည်း ဝါးဂီတာ ၏ ထူးခြားသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

ယခင်က ကယားလူမျိုးများသည်ထိုတူရိယာကို အပျို၊ လူပျိုလှည့်ရာတွင် မိမိချစ်ခင်မှုကို တေးဂီတသံစဉ်နှင့် ဖော်ကျူးသီဆိုတီးခတ်ကြသည်။ ထို့အပြင် ရိုးရာတေးသီချင်းများ

သီဆိုရာတွင်လည်း အသုံးပြုကြသည်။ ယခုခေတ်တွင် ထိုတူရိယာတီးခတ်သီဆိုမှုမှာ နည်းပါး လာပြီ တဖြည်းဖြည်းနှင့်ပျောက်ကွယ်မှေးမှိန်သွားမှာကို စိုးရိမ်မိပါသည်။

ကယားရိုးရာ ကလို့(ခ)ဝါးဂီတာ

(၃) ကရင်ရိုးရာ “ပီဘား”တူရိယာ

ပီးဘားကိုဘာသာပြန်ဆိုလျင် ပီးဟူသည်မှာ ပြွေ(ပလွေ)ဖြစ်ပြီး ဘားမှာ ရှိခိုးကန်တော့ခြင်း ဟုအဓိပ္ပါယ်ရပါသည်။ ကရင်ပီးဘား (၂)မျိုးနှစ်စားရှိပါသည်။ ပီးဘားအတိုနှင့် ပီးဘားအရှည်တို့ဖြစ်ကြသည်။ ပီးဘားအတိုကို လူပျိုကာလသားတွေ အသုံးပြုကြသည်။ အပျိုလှည့်သည့်အခါ၊ မိမိကြိုက်နှစ်သက်သည့် မိန်းမပျိုလေးအား ဖွင့်မပြောရဲသည့်အခါတွင် ပီးဘားမှုတ်၍ ပိုးပန်းကြသည်။ ထို့ပြင်ဆင်ထိန်းသည့်အခါ နွားကျောင်း၊ ကျွဲကျောင်းသည့်အခါတွင်လည်း ပီးဘားကို တီးမှုတ်ကြသည်။

ကရင်ရိုးရာ “ပီဘား”တူရိယာ

(၄) ချင်းရိုးရာ “ဗုံ”တူရိယာ

ချင်းရိုးရာဗုံသည် သစ်လုံး၊ သားရေဖြင့် ထွင်းထုတည်ဆောက် ပြုလုပ်ထားသည်။ ချင်းရိုးရာဗုံကို “vong” ဟုခေါ်သည့် သစ်ပင်မှ ခုတ်ထွင်းပြီး ယင်းသစ်ပင်၏ အသံအိုး ကောင်းသည့်နေရာကို ရွေးချယ်၍ အပေါက်ဖောက်ထွင်းပြီး နွားနောက် (သို့) နွား၏သားရေ ဖြင့် အပေါက်နှစ်ဖက်စလုံးပိတ်ပြီး သားရေများကို ကျစ်ကျစ်ပါအောင်ကျစ်ပြီး အသံအိုးကို ညှိကာ ရိုးရာဗုံပြုလုပ်ထားခြင်းဖြစ်ပါသည်။ ချင်းရိုးရာဗုံကို ရိုးရာပွဲတော်ပျော်ပွဲရွှင်ပွဲများတွင် အသုံးပြုတီးခတ်ကြပါသည်။ ရိုးရာခွာဒိုပွဲကျင်းပသည့် အချိန်ကာလတွင် ဗုံကို သံစုံပလွေ၊ မောင်း ၊ မောင်းစုံတွဲများနှင့် တီးမှုတ်ကာ သီဆို တီးမှုတ်ကခုန်ကြပါသည်။ ထို့ပြင် မိသားစု၊ ဆွေမျိုးစုံသည့် အချိန်များတွင် မိမိတို့၏ ရိုးရာခေါင်ရည်သောက်ပြီး ဗုံတီးကာ ရိုးရာတေးသီချင်း များ သီဆိုတီးမှုတ်ကြပါသည်။ ထို့ကြောင့် ချင်းရိုးရာဗုံသည် ယနေ့ခေတ်အထိ အသုံးပြုမှုမှာ နည်းပါးလာပြီး မှေးမှိန်ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိပါသည်။

နွားနောက်သားရေဖြင့် ကျစ်ထားသည့်ဗုံ

လက်ခတ်နှင့်တီးရသည့်ဗုံ



ဗုံတူရိယာဖြင့် တီးမှုတ်ကာ ရိုးရာပွဲတော်ကျင်းပနေပုံများ

ကျမ်းကိုးစာရင်းများ

- ❖ ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ(ပဲခူးမြို့)မှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
  (မန်းလင်းမြတ်ကျော် ရေးသားပြုစုသည့် ကရင်ရိုးရာသုတပဒေသာ။
  မန်းသင့်နောင် ကော့ဂရိတ်နှင့် ဖူးတောဦး(သရာဘူးမူး)။
  ကရင်သက္ကရာဇ် ၂၇ဖဝ ခုနှစ် ကရင်ကြေးမုံစာအုပ်မှ ကောက်နုတ်ဖော်ပြထားခြင်း)
- ❖ ထားဝယ်စာပေနှင့်ယဉ်ကျေးမှုအသင်းမှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
- ❖ မွန်စာပေနှင့်ယဉ်ကျေးမှုအသင်း(ပဲခူး)မှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
- ❖ ရခိုင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှ မေကြီးသျှင် မိုဇြမ်းရေးသားပြုစုထားသည့် အချက်အလက်များအား ပေးပို့လာခြင်း
  (ရခိုင်အလင်းပြကျမ်း (ဦးရွှေ၏ B.Sc, B.C.S)
  ရခိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ (ရခိုင်သားကြီးစာပေ)အတွဲ(၁)၊(၂)ပါ
  ဆောင်းပါးများ)
- ❖ ပအိုဝ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ(ပဲခူးတိုင်းဒေကြီး)မှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
  (ပြည်ထောင်စုထဲက ပအိုဝ်း (ထုတ်လုပ်မှုတာဝန်ခံ- ဦးခွန်ထွန်းလှိုင်)
- ❖ ဆေစိုးမော်စုစည်းတင်ပြထားသည့် အချက်အလက်များအား တိုင်းလျမ်(သျှမ်းနီ)စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ပြုစုပေးပို့လာခြင်းအား မိုဇြမ်းဖော်ပြထားပါသည်။
  (ထီးချိုင့်မြို့တည်တောဆရာတော်ဘုရားကြီး (နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာ
  ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ) ဆရာတော်
  ရေးသားပြုစုသည့် ထီးချိုင့်သမိုင်းအကျဉ်းစာအုပ်။
  စိုင်းကျော်ဦး၊ ဦး၊ (၂၀၁၂) ၊ ဇရာမြစ်ဖျားကျားနီများစာတမ်း၊ ခတ်ချို၊ မြစ်ကြီးနား။
  ဟုမ္မလင်းမြို့ တိုင်းလျမ်(သျှမ်းနီ)စာပေနှင့်ယဉ်ကျေးမှုအသင်းမှ ရေးသားတင်ပြသော
  ၂၀၁ဖ ခုနှစ်၊ ရှမ်းသမိုင်းအကျဉ်းနှင့်တိုင်းလျမ်(သျှမ်းနီ)စာပေနှင့်ယဉ်ကျေးမှုများစာအုပ်။
  အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) သဘင်ပညာဌာန၊ ရှမ်းနီ
  တိုင်းရင်းသားတို့၏ ရိုးရာဓလေ့နှင့်အကများ လေ့လာချက် ဘွဲ့လွန်ဒီပလိုမာအတွက်
  မသိဂီဝင်း တင်သွင်းသော စာတမ်းပြုစုချက်။)
- ❖ ရှမ်းစာပေနှင့်ယဉ်ကျေးမှုလူငယ်အသင်း(ပဲခူးတိုင်းဒေသကြီး)မှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
  လုင်းစိုင်းခေးလျို (ရှမ်းအိုးစည်ပညာရှင်)
- ❖ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ဒေါ်မိနန်းကျော့စံ ရေးသားပြုစုပေးပို့လာ အချက်အလက်များ။
  (ရာမညမိုးဆွေ (မွန်ဂီတနိဒါန်း)၊

မိဟံသာ(ဖော်ထုတ်ထိန်းသိမ်း မွန်တို့အနုပညာ)၊
မာမာစိုး(ကြေးမုံ)၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရယဉ်ကျေးမှုဝန်ကြီးဌာန၏ မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများပြပွဲ-၂၀၀၃၊
ဦးအောင်သင်း (ရခိုင်) (ရခိုင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုစာပေ)၊
ရခိုင်သုတအဘိဓာန် (ရခိုင်တူရိယာအကြောင်း)၊
ရွာတော်မင်းရပ် (The Village of Mong Rup)
ရခိုင်တန်ဆောင်မဂ္ဂဇင်း (၁၉၅၇-၅၈) ခုနှစ်၊
လက်ဖက်ရည်တစ်ခွက်ရဲ့ဒိုင်ယာရီ၊
Kahprat La (ကချင်ရိုးရာတူရိယာအသက်ဆက်ဖို့ဝေဝါးဆဲ)၊
Digital News မှ ကယားတိုင်းရင်းသားတို့၏ တူရိယာပစ္စည်းများအကြောင်း။)

MOEA

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

MOEA

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ စုစည်းထုတ်ဝေပါသည်။